မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၇၃)

နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုအသားကျ ပိုမိုအားပါလာ နိုင်ငံတော်နှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေး တီထွင်ကြံဆ လူအများသုံးစွဲသည့် စတီးလ်အိမ်သုံးပစ္စည်းများ ပြည်ပမှတင်သွင်းနေမှုကို ထိရောက်စွာ အစားထိုး အရည်အသွေးရှိပစ္စည်းများထုတ်လုပ်နိုင်ရေးကြိုးပမ်း

ရန်ကုန် မတ် ၂၁

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

စက်ရုံဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ***စာမျက်နှာ ၈ ကော်လံ ၁*** ❋

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲ အခမ်းအနားတွင် ပင်မအလုပ်ရုံ၌ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အိမ်သုံးကြွေရည်စိမ်ပစ္စည်းများ၊ စတီးလ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ အသက်နဲ့လဲကာကွယ်

နိုင်ငံ တစ်နိုင်ငံရဲ့ အသက်သွေးကြောဟာ အချုပ်အခြာအာဏာပဲ ဖြစ်တယ်။ ဥပဒေပြုရေးအာဏာနဲ့ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုတဲ့ အာဏာသုံးရပ်ဟာ အချုပ်အခြာအာဏာလို့ နားလည်ထားရမယ်။ ဒီအာဏာသုံးရပ်ဟာ ကိုယ့်နိုင်ငံသား၊ ကိုယ့်လူမျိုးများရဲ့ လက်ထဲမှာပဲ ရှိနေရမယ်။ ဘယ်တိုင်းတစ်ပါးသားရဲ့ လက်ထဲကိုမှ တိုက်ရိုက်ပဲဖြစ်စေ၊ သွယ်ဝိုက်၍ပဲဖြစ်စေ ထည့်မထားနိုင်ဘူး။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သူတစ်ပါးက တစ်နည်းနည်းနဲ့ ဩဇာလွှမ်းမိုးနေပြီဆိုရင် ဒါဟာ ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းနဲ့ ကျွန်ပြုခြင်းကို ခံနေရပြီလို့ မှတ်ရမယ်။ ဒီတော့ တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နဲ့လဲပြီး ကာကွယ်သွားရမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၂)နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ–

မြန်မာ့အလင်း

(၆၁)နှစ်မြောက်တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

❒ မျက်မှောက်ခေတ်ကာလတွင် တပ်မတော်နှင့် ပြည်သူတို့လက်တွဲကာ ကြိုးပမ်းမှုကြောင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သည်။ ယခင်ယခင်ကမတွေ့ဖူး၊ မကြုံဖူးသော တိုးတက်မှုမြင်ကွင်းအဖုံဖုံသည် မြို့ကြီး မြို့ငယ်များမှအစ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများသို့တိုင် ဖြန့်ကြက်လွှမ်းခြုံလျက် တိုးတက်လာနေပြီ။

(မြင့်စိုး၏ ဆောင်းပါး (စာ-၆၊ ၇))

❒ ဦးထိပ်ရွက်လျက် ချီတက်မည်

(ဖိုးရန်နိုင် (ကျောက်ကြီး)၏ ကဗျာ (စာ-၆))

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၂ ရက်)

ငြိမ်းချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်ခိုင်ခံ့စေရန်ပြုစုပျိုးထောင် ကာကွယ်ထိန်းသိမ်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၂ ခုနှစ် ရှမ်းပြည်နယ်ခရီးစဉ်တွင်–

"ရှမ်းပြည်နယ်တွင် ယခင်က သောင်းကျန်းသူများပြားပြီး နယ်မြေလုံခြုံတည်ငြိမ်အေးချမ်းမှု မရှိခဲ့ခြင်းကြောင့် ဒေသရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည်တို့မှာ အလွန်ပင် ခေတ်နောက်ကျကျန်ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု မြန်မြန်ဆန်ဆန်ရရှိအောင် စီမံဆောင်ရွက် လျက်ရှိကြောင်း"

ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏စေတနာကို မိန့်ကြားလမ်းညွှန်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ်တစ်ခုလုံး၏ အချက်အချာဒေသအားလုံး ကွက်ပြည့်တစ်ပြိုင်တည်း ဖွံ့ဖြိုးလာရေးအတွက် တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသနှင့် ပင်လုံဒေသတို့ကို ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့ထူထောင်ပေးခဲ့သည်။ နယ်မြေဒေသအလိုက် တာဝန်ရှိပုဂ္ဂိုလ်များက တွန်းအားပေးခြင်း၊ ကြပ်မတ်ခြင်း၊ ပံ့ပိုးအထောက်အကူပြုခြင်းတို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့သည် အပြိုင်အဆိုင်တိုးတက်ဖွံ့ဖြိုးလာလျက် ရှိသည်။

တစ်ဖက်မှလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုရရှိအောင် ကြိုးပမ်းတည်ဆောက်နိုင်ခဲ့၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း လက်နက်ကိုင် လမ်းစဉ်ကိုစွန့်လွှတ်ပြီး ငြိမ်းချမ်းသည့် ဥပဒေဘောင်အတွင်း ရောက်ရှိလာကြသည်။ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် ပြည်နယ်အတွင်း လုံခြုံမှု၊ ငြိမ်းချမ်းမှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ ဖော်ချလုပ်ကိုင်လာနိုင်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်လ ၁၈ ရက်နေ့ မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

"ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် နားလည် စာနာမှု၊ ကူညီရိုင်းပင်းမှုနှင့် ညီညွတ်မှုတို့သည် လုပ်ငန်းအားလုံးအောင်မြင်ရေး၏ အခြေခံသော့ချက် ဖြစ်သည်ဆိုခြင်းကို ပြဆိုလျက်ရှိကြောင်း"

ထည့်သွင်းပြောကြားခဲ့သည်။

နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများ၏ တီထွင်ကြံဆ လုပ်ကိုင်စီမံနိုင်မှုတို့ကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် မကြာမီကာလများတွင် ပိုမိုတိုးတက်ဖြစ်ထွန်းမည့် အလားအလာကောင်းများ ရှိနေသည်။

၎င်းအလားအလာကောင်းများကို အခြေခံပြီး ဒေသ၏အခြေအနေအရ ဖြစ်ထွန်းအောင်မြင်နိုင်သည့် ကော်ဖီ၊ လက်ဖက်၊ ငရုတ်ကောင်းတို့အပြင် နှစ်ရှည်ရော်ဘာပင်ကိုပါ တိုးချဲ့စိုက်ပျိုးသွားသကဲ့သို့ ဘိန်းအစားထိုး သီးနှံမျိုးစုံ ဖြစ်ထွန်းအောင်မြင်ရေး၊ သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ သားငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးရေးတို့ကိုပါ ဟန်ချက်ညီညီ အကောင်အထည်ဖော်သွားရမည် ဖြစ်သည်။

ထို့အပြင် ကျေးလက်ပြည်သူများအတွက် ထိရောက်အကျိုးရှိသည့် ဇီဝဒီဇယ်ဆီကို ထုတ်လုပ်နိုင်သည့် ခြစ်စည်းရိုးကြက်ဆူပင်များကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ်ခံယူပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုသားတိုင်း၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် တိုင်းရင်းသား ပြည်သူတိုင်းက ရရှိဖြစ်ထွန်းနေသော ငြိမ်းချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရေရှည်တည်တံ့ခိုင်ခံ့စေရန် ဆက်လက်ပြုစုပျိုးထောင် သွားကြရမည်ဖြစ်သကဲ့သို့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လှိုင်မြို့နယ် ခပေါင်းလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းဖွင့် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်

ရန်ကုန် မတ် ၂၁

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ခပေါင်းလမ်း ကိုယ့်အား ကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက အဆိုပါလမ်းထိပ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးငွေစန်း၊ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းစိန်နှင့် အမှတ်(၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းစိန်က လမ်းခင်းကျင်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက် ခဲ့မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ကတ္တရာလမ်းသစ် ခင်းကျင်း ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားကြကာ လမ်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်ခဲ့သည့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ခပေါင်းလမ်း ကိုယ့်အားကိုယ်ကိုး နိုင်လွန်ကတ္တရာလမ်းသည် အရှည် ပေ ၁၅၈၀၊ အကျယ် ၁၈ ပေရှိပြီး ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပံ့ပိုးငွေကျပ် ၁၉၅ ဒသမ ၅ သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၀၆ သိန်းဖြင့် စုစုပေါင်းငွေကျပ် ၃၀၄ ဒသမ ၅သိန်း အကုန်အကျခံ ခင်းကျင်းခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၀၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း–၂၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း–၁၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၃–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ (မင်းသူ၊ ပပဝင်းခင်)
၇း၂၀	တေးဂီတအစီအစဉ်
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	Video Magazine Vol-I No. 2 Part-III
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	ဘဝတွက်တာကျွမ်းကျင်စရာ
၈း၄၀	ပန်းလှိုင်ဆေးရုံ
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အက်ဆီတလင်းဓာတ်ငွေ့စက်ရုံ
၉း၃၀	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး–မောင်ဂဠုန်)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	Myanmar Video Rhythm
၁၁း၁၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက် ပစ္စည်းများ
၁၁း၄၅	မြန်မာပြည်နေ့ရက်များ ဓာတ်ပုံပြပွဲ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၂း၂၅	Chelsea-Newcastle United	5-Sports(Live)

'လူ့အခွင့်အရေး' သင်္ကြားအုပ်ထားသော အမေရိကန်အဆိပ်ဆေး (၄)

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက နိုင်ငံ၁၉၀ကျော် ၂၀၀နီးပါး၏ လူ့အခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းဆိုသည်ကို ၁၉၇၇ခုနှစ်မှစ၍ နှစ်စဉ် ထုတ်ပြန်ခဲ့သည်။ ဒီမိုကရက်တစ်ပါတီဝင် သမ္မတ ဂျင်မီကာတာလက်ထက်တွင် လူ့အခွင့်အရေးစွပ်စွဲချက်ကို စစ်အေးတိုက်ပွဲ လက်နက်အဖြစ် သုံးခဲ့ခြင်းဖြစ်သည်။ ဂျင်မီကာတာသည် ရီပတ်ဘလီကန်ပါတီဝင် ထိုစဉ်က သမ္မတဖြစ်သူ ဂျရယ်ဖို့ဒ်နှင့် ယှဉ်ပြိုင်ပြီး ၁၉၇၆ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့သော် ဂျင်မီကာတာ၏ ရှေ့ကသမ္မတ ရစ်ချဒ်နစ်ဆင်နှင့် ဂျရယ်ဖို့ဒ်တို့လက်ထက် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီကစ်ဆင်ဂျာက ၎င်း၏လက်အောက်ရှိ နိုင်ငံစုံရောက် အမေရိကန် သံတမန်များကို နှစ်စဉ်ထိုနိုင်ငံများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ အစီရင်ခံ စေခဲ့သည်။ သမ္မတကာတာလက်ထက် နိုင်ငံခြားရေးဝန်ကြီး တာဝန်ယူရသည့် ဆိုင်းရပ်စ်ဗန့်စ်၊ အက်ဒမွန်မတ်စကီးတို့က ကစ်ဆင်ဂျာ လမ်းကြောင်းပေါ် ဆက်လျှောက်ခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်း သမ္မတ ရော်နယ်ရီဂင်၊ စီနီယာဘုရှ်ဟု လူသိများသော ဂျော့ဘုရှ်၊ ဘီလ်ကလင်တန်၊ လက်ရှိသမ္မတ ဂျော့ဒဗလျူဘုရှ်တို့ လက်ထက်တိုင် သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးများဖြစ်သည့် အလက်ဇန္ဒားဟိတ်၊ ဂျော့ရှူလ်တ်၊ ဂျိမ်းစ်ဘေကာ၊ လောရင့်စ်အီဂဲတာဂါ၊ ဝါရင်းခရစ္စတိုဖာ၊ မယ်ဒလင်းအော့ဘ်ရိုက်၊ ကော်လင်းပါဝယ်လ်၊ ကွန်ဒိုလီဇာရိုက်စ်တို့ကလည်း အလားတူ နှစ်စဉ်နိုင်ငံ၂၀၀ နီးပါး အပေါ် လူ့အခွင့်အရေးအစီရင်ခံစာများဖြင့် ရန်စနေခဲ့ကြရသည်။

ယခုနှစ် မတ်လ၆ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၅ခုနှစ် လူ့အခွင့်အရေးအစီရင်ခံစာကို ထုတ်ပြန်ပြီး အမေရိကန်ကွန်ဂရက် အမတ်များ၏ စဉ်းတီတုံးပေါ်တွင် တင်ပေးလိုက်ပြန်သည်။ အစွပ်စွဲခံနိုင်ငံက ၂၀၀နီးပါးရှိရာ ကမ္ဘာ့နိုင်ငံကုန်သလောက်ရှိသွားသည်။ အမေရိကန်ကလွဲလျှင် အားလုံး လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု ဆိုလိုက်ခြင်းဖြစ်ပေသည်။ အမတ်များကလည်း မမှန်ကန်သော အဆိုပါ အစီရင်ခံစာကို ဟိတ်ဟန်အပြည့်ဖြင့် ဖတ်ရှုသုံးသပ်ကြသည်။

ရုရှား၊ တရုတ်၊ အီရန်၊ ဗင်နီဇွဲလား၊ ကျူးဘား စသည့် နိုင်ငံများက အခြေအမြစ်လုံးဝမရှိ၊ လုံးဝမမှန်ကန်၊ လုပ်ကြံလီဆယ်ထားသော ကလိန်ကကျစ် အစီရင်ခံစာအဖြစ် ပယ်ချကြသည့် သတင်းများကို နိုင်ငံတကာမီဒီယာများ၌ တွေ့ရပေသည်။ တရုတ်နိုင်ငံက အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာကို နှစ်စဉ်ပြင်းထန်စွာ တုံ့ပြန်ပယ်ချခဲ့သည်။ တရုတ်အစိုးရ (နိုင်ငံတော်ကောင်စီ)က တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးကြိုးပမ်းမှု၊ အမေရိကန်ပြည်ထောင်စု ကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ထုတ်ပြန်ချေပခဲ့သည်ကို တွေ့ရသည်။ မည်သည့်နိုင်ငံကမျှ အမေရိကန်တို့ စွပ်စွဲမှုကို ခေါင်းငုံ့မခံကြပေ။ မဟုတ်မမှန် လုပ်ကြံမှုကို တုံ့ပြန်ချေဖျက်ကြစမြဲဖြစ်သည်။

ယခင်က အမေရိကန်၏ ယင်းအစီရင်ခံစာကို ရက်သတ္တတစ်ပတ်ကြာမှ တရုတ်အစိုးရက တုံ့ပြန်လေ့ရှိသည်။ ယခုနှစ်တွင်မူ အမေရိကန် လူ့အခွင့်အရေး အစီရင်ခံစာကို ၂၄နာရီအတွင်း ခြေခြေ မြစ်မြစ် တုံ့ပြန်ခဲ့သည်။ တရုတ်နိုင်ငံတော်ကောင်စီ၏ ထုတ်ပြန်ချက်တွင် **အမေရိကန် ဒီမိုကရေစီဟူသည် လူချမ်းသာများ၏ ကစားပွဲ တစ်ပွဲသာဖြစ်သည်။ ပြည်တွင်း၌ လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှုများ မြင့်တက်နေသော အမေရိကန်၊ အသားအရောင်နှင့် လူမျိုးခွဲခြားမှု ကြီးထွားနေသောအမေရိကန်၊ အီရတ်မှ အဘူဂါရိတ်အကျဉ်းထောင်၊ ကျူးဘားကျွန်းအစွန်းရှိ အမေရိကန် ရေတပ်၏ ဂွမ်တာနာမိုအကျဉ်းစခန်း၊ အာဖဂန်အကျဉ်းစခန်း၊ ဥရောပရှိ အမေရိကန် စီအိုင်အေ အကျဉ်းစခန်းများ၌ အကြမ်းဖက်မှုဖြင့် မသင်္ကာရသူဆိုသည့် အကျဉ်းသားများကို ရက်စက်ကြမ်းကြုတ် လူမဆန်စွာ ညှဉ်းပန်း နှိပ်စက်နေသော အမေရိကန်၊ မိမိနိုင်ငံသားများ၏ တယ်လီဖုန်း ဆက်သွယ်မှုများကို ကြားဖြတ်နားထောင် ထောက်လှမ်းနေသော အမေရိကန်၊ ထိုအမေရိကန်က အခြားနိုင်ငံများအပေါ် လူ့အခွင့် အရေးချိုးဖောက်မှုဖြင့် စွပ်စွဲနေခြင်းမှာ သူခိုးက လူလူဟစ်သည့်နှယ် ဖြစ်နေသည်** ဟု ချေပထားသည်။

တက္ကသိုလ်မြတ်သူ

၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးက စာမျက်နှာ ၁၈၃မျက်နှာပါသော တရုတ်လူ့အခွင့်အရေး အခြေအနေအကြောင်း စာအုပ်ထုတ်ဝေခဲ့သည်။ အခန်း(၁)တွင် အသက်ရှင် ရပ်တည်ခွင့်သည် တရုတ်ပြည်သူတို့ ရေရှည်တိုက်ယူလာခဲ့ကြသော ပထမအရေးကြီး လူ့အခွင့်အရေးဖြစ်ကြောင်း သမိုင်းချီပြီး တင်ပြထားသည်။ ၁၈၄၀ ပြည့်နှစ် ဘိန်းစစ်ပွဲပြီးသည့်နောက် တရုတ်ပြည်သည် ပဒေသရာဇ် တစ်ပိုင်းနိုင်ငံအဖြစ်သို့ တစ်စတစ်စ ကျရောက်လာခဲ့ရကြောင်း၊ ၁၈၄၀ပြည့်နှစ်မှ ၁၉၄၉ခုနှစ်(တရုတ်ပြည်လွတ်မြောက်သည်) အထိ နှစ်ပေါင်း၁၁၀ကာလအတွင်း နယ်ချဲ့အင်အားကြီးနိုင်ငံများက တရုတ်ပြည်အပေါ် ကျူးကျော်ရေး စစ်ပွဲကြီးငယ်ပေါင်း အကြိမ်ပေါင်းရာနှင့်ချီပြီး ရှေ့ဆင့်နောက်ဆင့် တိုက်ခိုက်ခဲ့ကြရာ တရုတ်ပြည်သူတို့ အသက်အိုးအိမ်စည်းစိမ် တန်ဖိုးသင့်၍ မရလောက်အောင် ပျက်စီးဆုံးရှုံးခဲ့ကြကြောင်း၊ ၁၉၀၀ပြည့်နှစ်တွင် ရှစ်နိုင်ငံမဟာမိတ်တပ်များသည် မီးရှို့၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်ကြပြီး လူဦးရေ ၅၀၀၀၀ကျော်ရှိ ထန်ကူမြို့ကို လူသူကင်းမဲ့သည့် ပြာပုံအတိဖြစ်စေခဲ့ကြောင်း၊ လူဦးရေတစ်သန်းရှိသည့် ထင်ကျူးမြို့ကို လူတစ်သိန်းသာ ကျန်သည်အထိ သတ်ဖြတ်ခဲ့ကြကြောင်း၊ ကျွမ်းဝမ်ဖူတစ်နေရာထဲတွင် အသတ်ခံရသူ၁၇၀၀ကျော် ရှိခဲ့ကြောင်း။

၁၉ရာစုအလယ်ပိုင်းမှ ၂၀ရာစု၏ နှစ်ပေါင်း ၂၀ခန့်အတွင်း တရုတ်လူမျိုး ၁၂သန်းခန့်ကို ပြည်ပသို့ခေါ်ထုတ်ရောင်းစားခြင်း ခံခဲ့ရကြောင်း၊ စန်းထိုတွင် တရုတ်လုပ်သား ၈၀၀၀ကျော်ကို ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြောင်း၊ အရှေ့မြောက်ပိုင်း ဒေသတစ်ခုတည်းတွင် အလုပ်သမားပေါင်း နှစ်သန်းထက်မနည်း ညှဉ်းပန်းခံရ၍ သေဆုံးပြီးနောက် အလောင်းများကို လျှို့မြောင်ချောက်ကြားတို့၌ အစုအပြုံလိုက် စွန့်ပစ်ခဲ့ကြောင်း၊ ၁၉၄၆ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ပေပင်း(ယခု ပေကျင်း ခေါ် ပီကင်း) တက္ကသိုလ်ကျောင်းသူ စင်းချုံအား အမေရိကန်စစ်သား ပီယာဆင်က မုဒိမ်းကျင့်ခဲ့ပြီး အမေရိကန်နယ်ချဲ့တို့က ပီယာဆင်တွင် အပြစ်မရှိဟု တစ်ဖက်သတ် စီရင်ဆုံးဖြတ်ခဲ့ကြောင်း။

၁၈၈၅ခုနှစ်တွင် တိုင်းတစ်ပါးကျူးကျော်ရေးသမားတို့က ရှန်ဟိုင်းမြို့ ပြင်သစ်အငှားနယ်မြေပန်းခြံအဝ၌ "တရုတ်လူမျိုး မဝင်ရ"ဟု ဆိုင်းဘုတ်ချိတ်ဆွဲ စော်ကားခဲ့ကြောင်း၊ နယ်ချဲ့သမားတို့သည် တရုတ်ပြည်အား စာချုပ်ပေါင်း ၁၁၀၀ကျော် အဓမ္မချုပ်ဆိုစေကာ တရုတ်နိုင်ငံ၏ ဥစ္စာဓနများ အဓမ္မထုတ်ယူသွားခဲ့ကြကြောင်း၊ လျော်ကြေးငွေများ မတရားတောင်းယူကြကြောင်း၊ တရုတ်ပြည်ဟောင်းတွင် နှစ်စဉ်ပြည်သူသောင်းသိန်းချီပြီး ငတ်ပြတ်သေဆုံးခဲ့ရကြောင်း၊ ၁၉၃၁ခုနှစ်တွင် တရုတ်ပြည်အရှေ့ပိုင်း၌ ရေဘေးကြောင့် လူ၃၇သိန်းကျော် သေခဲ့ရကြောင်း၊ ၁၉၄၃ခုနှစ်တွင် ဟီနန်ပြည်နယ်၌ပင် ငတ်သေသူ သုံးသန်းရှိပြီး ၁၅သန်းတို့မှာ မြက်အမြစ်များ၊ သစ်ခေါက်များဝါး၍ အသက်ရှင်ခဲ့ရကြောင်း၊ ၁၉၄၆ ခုနှစ်တွင် ပြည်သူ၁၀သန်း ငတ်သေခဲ့ရကြောင်း၊ ၁၉၄၇ ခုနှစ်တွင် ငတ်မွတ်သောဒုက္ခသည် သန်း၁၀၀ကျော်ရှိခဲ့ရာ ထိုစဉ်က လူဦးရေ၏ ၂၂ရာခိုင်နှုန်းဖြစ်ကြောင်း။

၁၉၄၉ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီး ပြည်သူတို့ စားဝတ်နေရေးဖူလုံပြည့်ဝအောင် ကြိုးပမ်းခဲ့ရာ တိုးတက်အဆင်ပြေလာခဲ့ကြောင်း၊ ၁၉၇၉ခုနှစ်နောက်ပိုင်း တရုတ်ပြည်သည် စီးပွားရေးထူထောင်မှုကို အဓိကထား၍ တံခါးဖွင့်မူဝါဒကျင့်သုံးခဲ့ရာ ယနေ့ လူဦးရေ သန်း၁၃၀၀၏ စားဝတ်နေရေး အခြေခံများကို ဖြေရှင်းဖြည့်ဆည်းပေးနိုင်ကြောင်းဖြင့် ပြည်သူတို့အသက်ရှင်သန်နိုင်အောင် စားဝတ်နေရေးစသည့် အခြေခံလူ့အခွင့်အရေး တည်ဆောက်ရယူခဲ့ပုံကို ရှင်းလင်းဖော်ပြထားသည်။

ဒေါက်တာဆွန်ယက်ဆင်၏ ဦးဆောင်မှုဖြင့် ၁၉၁၁ခုနှစ် ပဒေသရာဇ်စနစ် ဖယ်ရှားကာ ဒီမိုကရေစီနိုင်ငံကို ဦးတည်ခဲ့သော်လည်း ပဒေသရာဇ်စစ်ဘုရင် ယွန်စစ်ခိုင်က အနိုင်အထက် အာဏာရယူ အုပ်စိုးသွားခဲ့ကြောင်း၊ ပါလီမန်သည် ထိုစဉ်က စစ်ဘုရင်၏ အာဏာယူရေးကိရိယာဖြစ်၍ "ဝက်များပါလီမန်" ဟုပင် သမုတ်ခံခဲ့ရကြောင်း၊ ဒေါက်တာဆွန်ယက်ဆင်ကိုယ်တိုင် ရည်ရွယ်ချက် မဖော်ဆောင်နိုင်ဘဲ မအောမကျန်းဖြစ်ပြီး ကွယ်လွန်ခဲ့ကြောင်း၊ ထို့နောက် အမေရိကန်၏ ထောက်ခံအားပေးမှုရရှိသော ချန်ကေရှိတ်တက်လာရာ နောက်တိုးစစ်ဘုရင်သာ ဖြစ်လာပြီး ဒီမိုကရေစီတိုက်ပွဲဝင် ပြည်သူသိန်းသန်းချီ၍ အသတ်ခံခဲ့ရကြောင်း၊ ၁၉၄၉ခုနှစ် တရုတ်ပြည်သစ် တည်ထောင်လိုက်ပြီး နောက်မှသာ ပြည်သူတစ်ရပ်လုံး စစ်မှန်သော ဒီမိုကရေစီ အခွင့်အရေးများ ခံစားနိုင်ကြကြောင်းဖြင့် အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာတွင် နေရာရလာပုံများကို ဆက်လက်ဖော်ပြထားသည်။

တရုတ်ပြည်က ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့် တိုးတက်ဖြစ်ပေါ်ရေး ရည်ရွယ်ချက်များနှင့်မူများကို အသိအမှတ်ပြုပြီး လေးစားကြောင်း၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနယ်ပယ်မှ လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို အပြန်အလှန်လေးစားရန်၊ ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူများ၏ အသက်ရှင် ရပ်တည်ခွင့်နှင့် ဖွံ့ဖြိုးခွင့်တို့ကို ဦးစားပေး ထိန်းသိမ်း ကာကွယ်ရန်၊ ဤသို့ဖြင့် တစ်ကမ္ဘာလုံးရှိ ကျယ်ပြန့်သော ပြည်သူလူထုအား လူ့အခွင့်အရေးအရပ်ရပ် ခံစားရရှိရေးအတွက် လိုအပ်သော အခြေအနေ ဖန်တီးပေးရန် တိုက်တွန်းအားပေးကြောင်း၊ တရုတ်ပြည်သည် လူ့အခွင့်အရေး ပြဿနာကို အကြောင်းပြု၍

စာမျက်နှာ ၇ ကော်လံ ၁ သို့

အမေရိကန် ဒီမိုကရေစီဟူသည် လူချမ်းသာများ၏ ကစားပွဲတစ်ပွဲသာဖြစ်သည်။ ပြည်တွင်း၌ လူသတ်မှု၊ လုယက်မှု၊ မုဒိမ်းမှုများ မြင့်တက်နေသော အမေရိကန်၊ အသားအရောင်နှင့် လူမျိုးခွဲခြားမှု ကြီးထွားနေသော အမေရိကန်၊ အီရတ်မှ အဘူဂါရိတ် အကျဉ်းထောင်၊ ကျူးဘားကျွန်းအစွန်းရှိ အမေရိကန်ရေတပ်၏ ဂွမ်တာနာမိုအကျဉ်းစခန်း၊ အာဖဂန်အကျဉ်းစခန်း၊ ဥရောပရှိ အမေရိကန် စီအိုင်အေ အကျဉ်းစခန်းများ၌ အကြမ်းဖက်မှုဖြင့် မသင်္ကာရသူဆိုသည့် အကျဉ်းသားများကို ရက်စက်ကြမ်းကြုတ် လူမဆန်စွာ ညှဉ်းပန်း နှိပ်စက်နေသော အမေရိကန်၊ မိမိနိုင်ငံသားများ၏ တယ်လီဖုန်း ဆက်သွယ်မှုများကို ကြားဖြတ်နားထောင် ထောက်လှမ်းနေသော အမေရိကန်၊ ထိုအမေရိကန်က အခြား နိုင်ငံများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုဖြင့် စွပ်စွဲနေခြင်းမှာ သူခိုးက လူလူဟစ်သည့်နှယ် ဖြစ်နေသည်။

“ကမ္ဘာ့နံပါတ်တစ်အကြမ်းဖက်သမား” “မတရားကျူးကျော်မှုအဆုံးသတ်” ပြည်သူထောင်ပေါင်းများစွာ အီရတ်စစ်ပွဲရပ်ဆိုင်းရန် ဆိုင်းဘုတ်များကိုင်ဆောင်ဆန္ဒပြ အီရတ်အား ကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်သိမ်းပိုက်ထားခြင်းကိုကန့်ကွက်

နိုင်ငံတကာ သတင်းများ

ရောမ မတ် ၂၁

၂၀၀၃ခုနှစ် မတ် ၂၀ရက်က အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်စစ် စတင်ဆင်နွှဲခဲ့သည့် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အဖြစ် ကမ္ဘာတစ်ဝန်း မြို့ကြီးများ၌ ကန့်ကွက်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံးသို့ စစ်ဆန့်ကျင်ရေးဆန္ဒပြသူများသည် မတ် ၂၀ရက်က ချီတက်ခဲ့ကြပြီး အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်သိမ်းပိုက်ခဲ့သည့် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများကို ကျင်းပခဲ့ကြသည်။ ကန့်ကွက်ဆန္ဒပြသူများက စစ်ပွဲကြောင့်သေဆုံးခဲ့ရသည့် တပ်ဖွဲ့ဝင်များနှင့် ပြည်သူများအရေအတွက် တိုးမြင့်လာသောကြောင့် ဝမ်းနည်းပူဆွေးရပါကြောင်း ဖော်ပြခဲ့ကြသည်။

အီတလီနိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

အီတလီနိုင်ငံ ရောမမြို့တွင် အီရတ်စစ်ပွဲ (၃)နှစ်ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ဆန့်ကျင်ဆန္ဒပြပွဲကို ပြည်သူထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဆန့်ကျင်ဆန္ဒပြသူများက အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

ထို့အပြင် စစ်ပွဲရပ်ဆိုင်းရန်၊ ငြိမ်းချမ်းရေးဆောင်ရွက်ရန် စာတန်းများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ရောမမြို့လမ်းများပေါ်တွင် လှည့်လည်ချီတက်ဆန္ဒပြခဲ့ကြသည်။

ရောမမြို့တွင် ထိုသို့ အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြရာတွင် အီတလီနိုင်ငံ၌ ရောက်ရှိနေသော အမေရိကန်နိုင်ငံသားအချို့လည်း ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဆန္ဒပြသူများသည် ရောမမြို့လယ်ရှိ နာဗိုနာစကွဲယား၌ စုရုံးကာ စစ်ပွဲချက်ချင်း ရပ်ဆိုင်းရေးနှင့် အီရတ်တွင် ငြိမ်းချမ်းရေးရရှိရန် အမြန်ဆုံးဖော်ဆောင်ရေးကို အဓိကထား တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

အီတလီနိုင်ငံသည် အီရတ်တွင် တပ်ဖွဲ့ဝင် ၃၀၀၀ခန့် စေလွှတ်ဖြန့်ချထားရာ ၎င်းတပ်ဖွဲ့ဝင်များ အမြန်ဆုံး ရုပ်သိမ်းရန်လည်း တောင်းဆိုခဲ့ကြသည်။ အီတလီဝန်ကြီးချုပ် ဆီလ်ဗီရိုဘာလူစကိုနီက အီရတ်တွင် စေလွှတ်ဖြန့်ချထားသော အီတလီတပ်ဖွဲ့ဝင်များကို ယခုနှစ်ကုန်တွင် ပြန်ရုပ်သိမ်းမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဟောင်ကောင်၌ ကန့်ကွက်ဆန္ဒပြ

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့သည့် သုံးနှစ်မြောက် နှစ်ပတ်လည်နေ့တွင် ဟောင်ကောင်ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးရှေ့သို့ စစ်ပွဲအားဆန့်ကျင်သော ပြည်သူများက စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများကို မတ် ၂၀ရက်က ကျင်းပခဲ့သည်။ ကန့်ကွက်ဆန္ဒပြစဉ် အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

လန်ဒန်၌ ကန့်ကွက်ဆန္ဒပြ

အီရတ်ကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့မှုသည် ယခုအခါ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အီရတ်စစ်ပွဲသုံးနှစ်ပြည့်အထိမ်းအမှတ်ဆန္ဒပြပွဲများ ပြုလုပ်နေသလို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင်လည်း စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

လန်ဒန်မြို့တွင် ပြည်သူ ၁၄၀၀၀ ခန့်က လန်ဒန်မြို့လမ်းများ၌ စုရုံးချီတက်ကာ အီရတ်တွင် တည်ရှိနေသော အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့ဝင်များကို အမြန်ဆုံး ရုပ်သိမ်းရန် တောင်းဆိုခဲ့ကြသည်။

ဆန္ဒပြသူအချို့က အမေရိကန်သမ္မတဘုရှ်၏ **“ကမ္ဘာ့နံပါတ်တစ်အကြမ်းဖက်သမား”**ဟူသော စာတန်းပါရှိသော ရုပ်ပုံကားချပ်ကြီးများ ကိုင်ဆောင်ကာ ချီတက်ဆန္ဒပြခဲ့ကြသလို **“ကျူးကျော်မှုအဆုံးသတ်”၊ “အီရန်ကို မတိုက်နဲ့”**ဟူသော စာတန်းများကို ကိုင်ဆောင်ကာ လှည့်လည် ဆန္ဒပြခဲ့ကြသည်။

ထို့အပြင် အမေရိကန်တို့ အကျဉ်းစခန်းများတွင်ရှိသော အကျဉ်းသားများ၏ ရုပ်ပုံများကိုလည်း ကိုင်ဆောင်ကာ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု မပြုရန်နှင့် လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ဗြိတိန်အစိုးရသည် အမေရိကန်တို့နှင့် ပူးပေါင်းကာ အီရတ်နိုင်ငံကို အလျင်စလို စစ်ပွဲဆင်နွှဲခဲ့ကြောင်း၊ ပြည်သူတို့၏ ဆန္ဒကို ဥပေက္ခာပြုခဲ့ကြောင်း၊ အမေရိကန်တို့နှင့် မပူးပေါင်းရန်နှင့် အီရန်နိုင်ငံကိုလည်း တိုက်ခိုက်ခြင်း မပြုရန် တောင်းဆိုကြောင်း ဆန္ဒပြသူများက ပြောကြားခဲ့သည်။

ဗြိတိန်ပြည်သူများအနေဖြင့် စစ်ပွဲချက်ချင်းရပ်ဆိုင်း အဆုံးသတ်ရန် တောင်းဆိုကြောင်းလည်း ထပ်မံတိုက်တွန်းခဲ့သည်။ ယခုစစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြပွဲကို ကြီးမှူးပြုလုပ်သူများက အီရတ်စစ်ပွဲဆန့်ကျင်ရေးကို တစ်ကမ္ဘာလုံး အတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သွားရန် စီစဉ်ထားသည်။

ဆန္ဒပြပွဲများကို ဩစတြေးလျ၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံအများအပြားတွင် ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

ယခုစစ်ပွဲ ဆန့်ကျင်ဆန္ဒပြသူများသည် ၂၀၀၃ခုနှစ် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့်အချိန်မှ စတင်ကာ နှစ်စဉ်စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများ၌ ပါဝင်ဆင်နွှဲခဲ့သူများဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် အရေအတွက် ပိုမိုများပြားလာခဲ့သည်။

ဂျပန်နိုင်ငံ၌ ကန့်ကွက်ဆန္ဒပြ

အီရတ်စစ်ပွဲဖြစ်ပွားခဲ့သည့် သုံးနှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မတ် ၂၀ရက်က စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။

ဂျပန်ပြည်သူရာပေါင်းများစွာက တိုကျိုမြို့လမ်းများပေါ်တွင် လှည့်လည်ကာ အီရတ်စစ်ပွဲကို အဆုံးသတ်ရန်၊ အီရတ်မှ ပြည်ပတပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရန်နှင့် ဂျပန်နိုင်ငံတွင် အမေရိကန်တို့၏ စစ်အခြေစိုက်စခန်းများ လုံးဝမထားရှိရန် တောင်းဆိုဆန္ဒပြခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မနီလာ၌ကန့်ကွက်

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကန့်ကွက်ဆန္ဒပြနေကြသည်ကို မတ် ၂၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကန့်ကွက်ဆန္ဒပြနေကြသည်ကို မတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ထားသည့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား အီတလီနိုင်ငံ ရောမမြို့၌ ကန့်ကွက်ဆန္ဒပြနေကြသည်ကို မတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

22-3 (04).p65 1 1/4/32, 11:43 AM

နိုင်ငံတကာ သတင်းများ

အီရတ်ကို အမေရိကန် မတရားကျူးကျော်သိမ်းပိုက်ထားမှု သမ္မတဘုရှ်၏ သူရဲဘောကြောင်သောလုပ်ရပ်ဟု ချာဗက်ဇ်ပြောကြား

ကာရာကတ် မတ် ၂၁

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်အား အီရတ်ကို စစ်ရေးဖြင့် မတရားကျူးကျော် သိမ်းပိုက်ထားခြင်းသည် သူရဲဘောကြောင်သည့် လုပ်ရပ်ကို လုပ်နေကြောင်း ဝေဖန်ပြောကြား လိုက်သည်။

ထို့အပြင် သမ္မတဘုရှ်သည် သတ်လိုဖြတ်လိုစိတ် ရှိသူတစ်ဦးဖြစ်ပြီး သမာသမတ် စိတ်ဓာတ်ရှိသူ မဟုတ်ကြောင်း ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်း တစ်ရပ်၌ ဗင်နီဇွဲလားသမ္မတ ဟူဂို ချာဗက်ဇ်က ပြောကြားလိုက်သည်။

သမ္မတဘုရှ်သည် သူရဲဘောကြောင်သူ ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်တိုင် အီရတ်သို့ သွားခြင်းမပြုဘဲ တပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ရန်သာ ဦးဆောင်ခဲ့ကြောင်း၊ အဝေးမှာနေ၍ ဦးဆောင်သည့်အလုပ်မှာ အလွန်လွယ်ကူသည့် အလုပ်ဖြစ်ကြောင်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဗင်နီဇွဲလားနိုင်ငံအား ကျူးကျော်တိုက်ခိုက်ရန် ကြိုးစားလာပါက ဆားဗားနားမှာ စောင့်နေမည်ဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြား လိုက်သည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်

ကမ္ဘာတစ်ဝန်းမှ ပြည်သူများသည် အီရတ်အား ကျူးကျော်သိမ်းပိုက်ထားခြင်းကို ဆန့်ကျင်ကန့်ကွက် နေကြကြောင်း၊ အမေရိကန်နှင့် အပေါင်းပါများ အီရတ်အား ကျူးကျော်သိမ်းပိုက်ထားခြင်းကို ကမ္ဘာတစ်ဝန်းတွင် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဆန္ဒပြပွဲများ ကျင်းပကာ ဆန့်ကျင်ကန့်ကွက်သည်ဆိုခြင်းကို ဖော်ပြနေကြောင်း ချာဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်-နီပေါ နှစ်နိုင်ငံနယ်စပ်မျဉ်း မြေပုံရေးဆွဲမည်

စီအန် မတ် ၂၁

တရုတ်နှင့်နီပေါ နှစ်နိုင်ငံသည် နယ်စပ်မျဉ်းသတ်မှတ်ရေးအတွက် မြေပုံရေးဆွဲခြင်းကို ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မတ် ၁၉ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ နှစ်နိုင်ငံသည် နယ်စပ်မျဉ်းများကို လေ့လာတိုင်းထွာရန်အတွက် ကမ္ဘာ့အဆင့်စနစ်နည်းပညာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်လည်စစ်ဆေး

မြေပုံရေးဆွဲခြင်း အဓိကလုပ်ငန်းများကို တရုတ်အလုပ်သမားများက ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် နီပေါအလုပ်သမားများက မြေပုံရေးဆွဲရာတွင် ပါဝင်သော အချက်အလက်များနှင့် စမ်းသပ်တွေ့ရှိချက်များကို ပြန်လည်စစ်ဆေးကြလိမ့်မည်ဟု ပူးတွဲမြေပုံရေးဆွဲရေး အဖွဲ့ကိုယ်စားလှယ်အကြီးအကဲလီကင်းယွမ်က ပြောကြားသည်။

တာဝန်ပေးအပ်

နောက်ဆုံး မြေပုံဆွဲခြင်းရလဒ်အဖြေကို နှစ်နိုင်ငံမှကိုယ်စားလှယ်အကြီးအကဲများက အတည်ပြု လက်မှတ်ရေးထိုးပြီးမှသာ တရားဝင်ဖြစ်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ တရုတ်နိုင်ငံအနောက်မြောက်ပိုင်းမှ ရှန်းစီ လေ့လာတိုင်းတာရေးနှင့် မြေပုံရေးဆွဲရေးဗျူရိုအား ၎င်းတာဝန်များကို ဆောင်ရွက်ရန်အတွက် တာဝန်ပေး အပ်ခဲ့ပြီး တရုတ်နိုင်ငံအဓိကအဖွဲ့နှင့် ပူးပေါင်းဖွဲ့စည်းမည် ဖြစ်သည်။

မြေပုံရေးဆွဲမည့် အလုပ်သမားများ၏ ပထမအသုတ်သည် ဧပြီလတွင် တရုတ်-နီပေါနယ်စပ်သို့ ရောက်ရှိရန် စီစဉ်ဆောင်ရွက်ထားသည်။ လေ့လာတိုင်းတာမှုအားလုံးကို စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်ရန် စီစဉ်ခဲ့သည်။ တရုတ်နှင့် နီပေါ နယ်စပ်မျဉ်းသည် အရှည် ကီလိုမီတာ ၁၄၀၀ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မျက်ခွံဖြင့် ကားတစ်စီးကို ဆွဲပြနေသူ

မျက်ခွံတွင် ကြိုးချည်၍ မော်တော်ယာဉ်တစ်စီးကို ဆွဲပြနေသူ တစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဂေါင်စီကျောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အလေးချိန် ၄၀၀ကီလိုဂရမ်လေးသော ကျောက်တုံးများနှင့် နိုင်ငံတကာခရီးသွားမယ်ပြိုင်ပွဲဝင် လှပျိုဖြူ ခုနစ်ဦးကို တင်ဆောင်ထားသော မော်တော်ယာဉ်တစ်စီးအား တရုတ်နိုင်ငံသားတစ်ဦးက သူ၏ မျက်ခွံတွင် သံချိတ်ဖြင့် ဖောက်ကာ ကြိုးချည်ပြီး အဆိုပါမော်တော်ယာဉ်အား ဆွဲပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ခြေထောက်ခြောက်ချောင်းနှင့် ထူးခြားသော သိုးငယ်

ခြေထောက်ခြောက်ချောင်းပါရှိသည့် ထူးခြားသော သိုးငယ်လေးတစ်ကောင်ကို တွေ့ရစဉ်။ (ဝဲပုံ)

အဆိုပါ သိုးငယ်လေးကို ဘယ်လ်ဂျီယံနိုင်ငံ ကျေးလက်ဒေသတစ်ခုတွင် မကြာမီ ရက်ပိုင်းအတွင်းက မွေးဖွားခဲ့ခြင်းဖြစ်ပြီး ရှေ့ခြေထောက်တစ်ချောင်းအပိုနှင့် နောက်ခြေထောက်တစ်ချောင်း အပိုပါရှိသည်။ အပိုပါရှိလာသော ခြေထောက်များကို နောက်သီတင်းတစ်ပတ် အကြာ၌ ခွဲစိတ်ဖယ်ရှားမည်ဟု ပိုင်ရှင်က ပြောကြားသည်။

(အင်တာနက်)

ကိုကင်း ကီလိုဂရမ် ၈၀၀ စပိန်ရဲတပ်ဖွဲ့ဖမ်းမိ

စပိန် မတ် ၂၁

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ဗီဂိုဆိပ်ကမ်း၌ မတ် ၁၈ရက်က မှတ်ပုံတင်ထားသော ငါးဖမ်းစက်လှေတစ်စင်းပေါ်မှ ကိုကင်း ကီလိုဂရမ် ၈၀၀ကို စပိန်ရဲတပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ယင်းငါးဖမ်းစက်လှေ၏ အမည်မှာ နူဘိုဆယ်လ်မွန်ဟု အမည်ပေးထားပြီး ရဲတပ်ဖွဲ့က သတင်းရလျှင်ရချင်း အဆိုပါ စက်လှေပေါ်သို့ တက်ရောက်စစ်ဆေးခဲ့ရာ အိတ်များဖြင့် စနစ်တကျ ထုပ်ပိုးထားသော ကိုကင်းအိတ်များကို တွေ့ရခြင်းဖြစ်သည်။

စပိန်ရဲတပ်ဖွဲ့ဝင်များက ၎င်းမူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပတ်သက်နေသော လူ၁၄ဦးအား စပိန်အနောက်မြောက်ပိုင်း ဂါလီစီယာ၌ ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်အရှေ့မြောက်ပိုင်း၌ မီးလောင်မှုဖြစ်ပွား ငါးဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

ပေကျင်း မတ် ၂၁

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ်ရှိ ဟိုတယ်တစ်ခုတွင် မတ်၁၈ရက်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်မှုဖြစ်ပွားစဉ် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယင်းမီးလောင်မှုဖြစ်ပွားခြင်းကြောင့် လူငါးဦးသေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသူများအား ဆေးဝါးကုသရန်အတွက် ဆေးရုံသို့တင်ပို့ပေးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အင်တာနက်)

အိန္ဒိယ ကလေးများအား မတော်တရော်ပြုလုပ်သူ ဗြိတိန်နိုင်ငံသားနှစ်ဦးအား အိန္ဒိယတရားရုံးက ထောင်ဒဏ်ခြောက်နှစ်စီ ပြစ်ဒဏ်ချမှတ်

မွမ်ဘိုင်း မတ် ၂၁

မွမ်ဘိုင်းမြို့ရှိ အိန္ဒိယကလေးငယ်များအား လိင်မှုဆိုင်ရာ မတော်တရော် ပြုလုပ်ခဲ့သော ဗြိတိန်နိုင်ငံသားနှစ်ဦးအား ထောင်ဒဏ် ခြောက်နှစ်စီ အိန္ဒိယ တရားရုံးက ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ ဗြိတိန်နိုင်ငံသားနှစ်ဦးမှာ ဒန်ကန်ဂရန့်နှင့် အယ်ယန်ယန်ဂျွန်ဆိုသူဖြစ်ပြီး အပြစ်ရှိကြောင်း ဝန်ခံခဲ့သဖြင့် ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့၏ရှေ့နေ မာဂျစ်မီမွန်က ပြောကြားသည်။

မွမ်ဘိုင်းမြို့တောင်ပိုင်း၌ လွန်ခဲ့သော ကိုးနှစ်က အဆိုပါ ဗြိတိန်သားများ ထူထောင်ထားသော တည်းခိုခန်းတွင် အိန္ဒိယအိုးမဲ့အိမ်မဲ့ ယောကျ်ားလေးများအား မတော်မတရားပြုမှုများ ပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ဂရန့်အား ပြီးခဲ့သောနှစ် ဇွန်လက လန်ဒန်မှပြန်လည်ရောက်ရှိလာပြီးနောက် မွမ်ဘိုင်းလေဆိပ်တွင် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ အယ်ယန်ယန်ဂျွန်အား အမေရိကန်နိုင်ငံမှ လွှဲပြောင်းယူခဲ့ပြီး ၂၀၀၄ခုနှစ်ကတည်းက ရဲတပ်ဖွဲ့က ဖမ်းဆီး ထိန်းသိမ်းထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ပြည်သူတို့နှင့်အတူ တည်ဆောက်လျက်ရှိသည့် တပ်မတော်

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူရန် ပေါ်ပေါက်လာသည့် တပ်မတော်သည် ၂၀၀၆ ခုနှစ် မတ်လ ၂၇ ရက်နေ့ဆိုလျှင် (၆၁)နှစ်ပင် ပြည့်မြောက်တော့မည် ဖြစ်သည်။

(၆၁)နှစ်မြောက်တပ်မတော်နေ့ဦးတည်ချက်များအဖြစ် အောက်ပါအတိုင်း ချမှတ်ထားသည်။

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။**
- **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။**
- **နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။**
- **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။**

တပ်မတော်သည် ရရှိထားပြီးဖြစ်သော လွတ်လပ်ရေး မဆုံးရှုံးစေရန်အတွက် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များကို တားဆီးခဲ့ရသည်။

တပ်မတော်သည် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများဖြစ်သည့် လွတ်လပ်ရေးကြိုးပမ်းမှု ခရီးကြမ်းကို ပြည်သူတို့နှင့်အတူ တစည်းတလုံးတည်း အတူတကွ ချီတက်လာသကဲ့သို့ လွတ်လပ်ရေး မဆုံးရှုံးစေရန်အတွက် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ၊ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍများ၌ အကြိမ်ကြိမ်အလီလီ ပါဝင်ထမ်းဆောင်ခဲ့သည်။

အခါများ သွတ်သွင်းကာ သပ်လျှိုသွေးခွဲခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းသောင်းကျန်းသူများ စစ်ရေးအင်အားတောင့်တင်းလာစေရန် လက်နက်များဖြည့်တင်း တပ်ဆင်ပေးခဲ့သည်။ ဤသည်မှာ နယ်ချဲ့တို့က မြန်မာ့တပ်မတော်ကို အင်အားချည့်နဲ့စေရန်နှင့် တပ်မတော်ပြိုကွဲစေရန်အတွက် နိုင်ငံရေး၊ စစ်ရေးအရ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖို့ခွဲခဲ့မှုဖြစ်သည်။

တစ်နည်းအားဖြင့် လက်နက်အင်အား ပြည့်စုံသော တပ်မတော်ဖြစ်မလာစေရန် ရနိုင်သမျှအခွင့်အလမ်းများယူ၍ နယ်ချဲ့တို့က ကြိုတင်လုပ်ကြံဖန်တီးခဲ့ကြခြင်း ဖြစ်သည်။

ဤသို့ဖြင့် မြန်မာ့တပ်မတော်သည် အခက်အခဲပေါင်းများစွာကို ကျော်လွှားကာ မြန်မာ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။

တပ်မတော်သည် လွတ်လပ်ရေးကို ပြည်သူများနှင့်အတူ လက်တွဲပြီး ရယူပေးခဲ့သကဲ့သို့ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ဆက်လက်

မြင့်စိုး

ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။ နိုင်ငံတော်ကို ထိပါးလာသော ရန်စွယ်အန္တရာယ်မှန်သမျှကို အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်၍ တွန်းလှန်ချေမှုန်းလျက် ရှိသည့်နည်းတူ နိုင်ငံတော်တည်ဆောက်ရေး တာဝန်များကိုလည်း နေ့မအားညမနား ကြိုးပမ်းဖော်ဆောင် ပေးလျက်ရှိသည်။

၁၉၈၈ခုနှစ် မင်းမဲ့စရိုက်လွှမ်းခဲ့သောကာလက ပြိုကွဲလုနီးပါးဖြစ်ခဲ့ရသော နိုင်ငံတော်ကို တပ်မတော်က ကာကွယ်စောင့်ရှောက်ပေးခဲ့ပြီး ပြည်သူများ၏ လိုအင်ဆန္ဒဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို ဦးစွာတည်ဆောက်ပေးနိုင်ခဲ့သည်။

တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

တပ်မတော်သည် နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းများကို တည်ဆဲအစိုးရများ ဖြေရှင်းနိုင်စွမ်းမရှိသည့် ၁၉၄၉–၁၉၅၂ခုနှစ် ကာလများတွင်လည်းကောင်း၊ ၁၉၅၈–၁၉၆၀ခုနှစ် ကာလများတွင်လည်းကောင်း နိုင်ငံတော်၏ တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့ရသည်။

ထိုစဉ်ကာလများတွင် တပ်မတော်သည် လက်နက်အင်အား မပြည့်စုံခဲ့ပေ။ တပ်ရင်းအချို့ကလည်း နယ်ချဲ့၏ လူမျိုးရေး သွေးခွဲသပ်လျှိုမှုဖြင့် ဖဆပလအစိုးရကို လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ ယင်းအခြေအနေသို့ ရောက်ရှိစေရန်အတွက်လည်း နယ်ချဲ့တို့သည် လွတ်လပ်ရေးမပေးမီကပင် တိုင်းရင်းသား လက်နက်ကိုင်တပ်ရင်းများအား နိုင်ငံရေးအရ၊ လူမျိုးရေးအရ အစွန်းရောက်အတွေး

ထိုစဉ် ကာလကိုကြည့်လျှင် မင်းမဲ့စရိုက်ဆိုးများဖြင့် ဆူပူဖျက်ဆီးမှုများကြောင့် နိုင်ငံအနှံ့အပြားတွင် ကဏ္ဍအသီးသီး၌ ကစဉ့်ကလျားဖရိုဖရဲဖြစ်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် နိမ့်ပါးလျော့ကျခဲ့ရသည်။ ယင်းကဲ့သို့သော အခြေအနေမျိုး ဆိုက်ရောက်နေသည့် တိုင်းပြည်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် တပ်မတော်က ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့သည်။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိချိန်မှစ၍ နယ်ချဲ့၏ သွေးခွဲသပ်လျှိုမှု ပယောဂကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရသည်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှုမရှိသဖြင့် နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။

ထို့ကြောင့် တပ်မတော်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို မဖြစ်မနေတည်ဆောက်ခဲ့သည်။ ထိုသို့တည်ဆောက်ရာတွင် တပ်မတော်သည် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန် နားလည်စာနာမှုများဖြင့် တည်ဆောက်ခဲ့ရသည်။

ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကို ၁၉၈၉ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့သည်။ ယနေ့အချိန်အခါတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီးဖြစ်သည်။ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ နယ်စပ်ဒေသများ၌ မကြုံစဖူး ထူးထူးကဲကဲ အောင်မြင်မှုများဖြစ်ထွန်းနေပြီဖြစ်သည်။

တပ်မတော်အစိုးရသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအပြင် ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပင်မကဏ္ဍများဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ထွန်းကားပြန့်ပွားလာစေရေးအတွက်ကိုပါ တိကျခိုင်မာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် မိန့်ခွန်းပြောကြားရာ၌–

"စီးပွားရေးနှင့် ပတ်သက်လို့ ပြောရမယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖို့ တာတမံကြီးတွေ၊ ဆည်မြောင်းတွေကို လိုအပ်တဲ့

စာမျက်နှာ ၇ ကော်လံ ၁သို့

ဦးထိပ်ရွက်လျက် ချီတက်မည်

* ဒို့မိဘ ဒို့ဘိုးဘွား
ထားခဲ့သည့် ငါတို့ပြည်(ပြေ)။

* ကမ္ဘာတည်သရွေ့ မြဲခိုင်ဖို့
ဒို့တစ်တွေ မျိုးဆက်သစ်
မျက်မှောက်ခေတ် တာဝန်ပေ။

* အမျိုးသား နိုင်ငံရေးကဏ္ဍနဲ့
စခဲ့လို့ တာဝန်ကျေ
အမိမြေ လွတ်လပ်ရေး။

* မျိုးချစ်တွေ တပ်မတော်ဖွဲ့လို့
နယ်ချဲ့ရန် တွန်းလှန်နွှဲခဲ့
တိုက်ပွဲပေါင်း ရာထောင်ကျော်နဲ့
အောင်တပ်မတော်"မတ် ၂၇"
ဖက်ဆစ်တော်လှန်ရေး။

* အသက်သွေးချွေးတွေနဲ့
ရေးခဲ့တဲ့ မှတ်တမ်းမဟာ
မနွမ်းစေ မပျက်စေဘဲ
လန်းစေ လက်စေအောင်လို့
ထမ်းရွက်ကြမှာ။

* ဒို့တိုင်းပြည်အခြေမြင့်စေဖို့
"ရေနှင့်ကြာ" ဥပမာ
ရေးရှုကာ လျှောက်လှမ်း။

* ပြည်မြန်မာ ထွန်းကားရေးပေမို့
ညီညီညာညာ စွမ်းအားမွေးပါလို့
အရေးသုံးပါး ဦးထိပ်ရွက်
ချီတက်မယ့်လမ်း။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

မိုးရန်နိုင် (ကျောက်ကြီး)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

နေရာတိုင်းမှာ အစုအဖွဲ့လိုက် တည်ထောင်ပြီး စိုက်ဧကတိုးတက်ရေး၊ စိုက်ပျိုးစွမ်းအား မြင့်မားရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်လို့လဲ ရှိပြီးသား စက်ရုံတွေ စက်စွမ်းအားပြည့် ထုတ်လုပ်ရေး၊ စက်ရုံသစ်များ တည်ဆောက်ခြင်းနှင့် ပုဂ္ဂလိက စက်မှုဇုန်များ တည်ထောင်ပေးပြီး သွင်းကုန်အစားထိုးရေးတို့ကို ဆောင်ရွက်လျက်ရှိသည့် စက်မှုနိုင်ငံဖြစ်ဖို့ လိုအပ်ချက်ကြီးမားတဲ့ လျှပ်စစ်နှင့် လောင်စာစွမ်းအင်များကို တိုးတက်ထုတ်လုပ်ရေးအတွက်လဲ အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိတယ်”

ဟု တပ်မတော်သားများနှင့် ပြည်သူများအား အသိပေးမိန့်ကြားခဲ့သည်။

မျက်မှောက်ခေတ်ကာလတွင် တပ်မတော်နှင့် ပြည်သူတို့ လက်တွဲကာ ကြိုးပမ်းမှုကြောင့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ နယ်စပ်ဒေသများပါ မကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်။ ယခင့်ယခင်က မတွေ့ဖူး၊ မကြုံဖူးသော တိုးတက်မှုမြင်ကွင်းအဖုံဖုံသည် မြို့ကြီးမြို့ငယ်များမှအစ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများသို့တိုင် ဖြန့်ကြက် လွှမ်းခြုံလျက် တိုးတက်လာနေပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍ၏ အရေးအကြီးဆုံးဖြစ်သော ဆည်၊ တာတမံများ ရာနှင့်ချီပြီး တည်ဆောက်ပေးနိုင်ခဲ့သလို လမ်းပန်းဆက်သွယ်ရေး၏ အဓိက ကျသည့် လမ်းနှင့်တံတားများကို တပ်မတော်သားများ၏ ပါဝင်ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်းအနှံ့ ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့ပေပြီ။

ပညာရေးကဏ္ဍကို ကြည့်ပါက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခုသတ်မှတ်ကာ ဒေသတွင်း၌ တက္ကသိုလ်ကောလိပ်နှင့် နည်းပညာကောလိပ်၊ ကွန်ပျူတာ ကောလိပ်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးပေးခန်းများ အသစ်ဖွင့်လှစ်ပေးခြင်း၊ ရောဂါကြီးသုံးမျိုး ကင်းစင်ပပျောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းနှင့်အသည်း၊ ကျောက်ကပ် အစားထိုးခြင်း အပါအဝင် ခွဲစိတ်ကုသမှုကြီးများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း စသည့် ရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့သည်။

ပြန်ကြားရေးကဏ္ဍတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ တိုးချဲ့ ဖွင့်လှစ်ပေးနိုင်သကဲ့သို့ ပြည်နယ်နှင့် တိုင်းအချို့တွင် ရန်ကုန်မြို့နှင့်အတူ အချိန်နှင့် တစ်ပြေးညီ သတင်းစာဖတ်ရှုနိုင်ရန် ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အပြင် ကျေးရွာတိုင်း ကျေးလက်စာကြည့်တိုက်ရှိရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျေးရွာစာကြည့်တိုက် အမြောက်အမြားဖွင့်လှစ်ပေးခဲ့ရာ ကျေးရွာစာကြည့်တိုက်ပေါင်း ၅၂၃၈၁ခု ရှိနေပြီဖြစ်သည်။

အလားတူပင် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့စသည့် ကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် တိုးချဲ့ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ ယခင်ကနှင့်မတူ တစ်မူထူးခြား တိုးတက်လာခဲ့သည်ကို အထင်အရှား တွေ့မြင်နိုင်သည်။

ယင်းကဲ့သို့ ဆောင်ရွက်ပေးခဲ့သဖြင့် မြို့ပြဒေသများသာမက ကျေးလက်ဒေသများပါ သိသာထင်ရှားစွာ ဖွံ့ဖြိုးစည်ပင်လာခဲ့သည်။ တပ်မတော်က စေတနာထား ဆောင်ရွက်ပေးခဲ့သည့်အတွက် နိုင်ငံတော်အနှံ့ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းများကို ပြက်ပြက်ထင်ထင် တွေ့မြင်နေကြရပေပြီ။

သို့ဖြစ်၍ တပ်မတော်သည် အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ပြီး အမျိုးသားနိုင်ငံရေး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသကဲ့သို့ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ဦးတည်ဆောင်ရွက်လျက်ရှိသည့် ယနေ့ကာလတွင်လည်း တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပါဝင်ရင်း အနာဂတ်အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ဆက်လက် ထမ်းဆောင်သွားမည်ဖြစ်ပါကြောင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ရေးသားလိုက်ရပါသည်။ ။

အခြေခံကျောင်းများသင်ကြားမှုမြင့်မားရေး ပညာရေးကောလိပ်များက လေ့ကျင့်မွေးထုတ်

ရန်ကုန် မတ် ၂၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကင်းပညာရေးကောလိပ်သို့ရောက်ရှိလာရာ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူနှင့် ကျောင်းအုပ်ကြီးတို့က ကြိုဆိုခဲ့ကြပြီး ပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်တင်ပြ

ရှေးဦးစွာ ကျောင်းအုပ်ကြီးက ဝန်ထမ်းအင်အား၊ သင်ကြားရေးအင်အား၊ သင်တန်းသားအင်အားနှင့် သင်ကြားရေးအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဘာသာရပ်တာဝန်ခံ ဆရာ ဆရာမများက ဘာသာရပ်အလိုက် သင်ကြားမှုအခြေအနေများကို ဆက်လက်တင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ညှိနှိုင်းဖြည့်ဆည်းပေးပြီး အခြေခံပညာကျောင်းများ၏ သင်ကြားမှုအရည်အသွေး မြင့်မားရေးအတွက် မူလတန်းပြများနှင့် အလယ်တန်းပြများအဖြစ် ပညာရေးကောလိပ်များက အလေးထားလေ့ကျင့်မွေးထုတ်ပေးရန်ဖြစ်ကြောင်း၊ သိပ္ပံလက်တွေ့ခန်းနှင့် သိပ္ပံပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို အပြည့်အဝ အသုံးပြု လေ့ကျင့်သင်ကြားပေးရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းပညာရေးကောလိပ်သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သိပ္ပံလက်တွေ့ခန်းများနှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

တစ်ပါးနိုင်ငံတို့၏ ပြည်တွင်းရေး စွက်ဖက်မှုကို ဆန့်ကျင်သည့်အပြင် မှုမမှန်သော အခြင်းအရာအမျိုးမျိုး ပပျောက်သွားရေးအတွက် လည်းကောင်း၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားဖြည့်ပေးရေးအတွက် လည်းကောင်း၊ မဆုတ်မနစ် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်းဖြင့် အစီရင်ခံစာ နောက်ပိုင်းတွင် ဖော်ပြထားသည်။

တရုတ်ပြည်သည် ကုလသမဂ္ဂ လူ့အခွင့်အရေးနယ်ပယ်ရှိ လှုပ်ရှားမှုများတွင် မည်သည့်နိုင်ငံကမဆို လူ့အခွင့်အရေးပြဿနာကို အသုံးချ၍ မိမိ၏တန်ဖိုးအမြင်၊ တွေးခေါ်မြော်မြင်ပုံ၊ နိုင်ငံရေးသတ်မှတ်စံနှင့် ဖွံ့ဖြိုးရေးပုံစံကိုကျင့်သုံးရန် တိုက်တွန်းခြင်းကို လည်းကောင်း၊ လူ့အခွင့်အရေးပြဿနာကို အကြောင်းပြု၍ တစ်ပါးနိုင်ငံများ၊ အထူးသဖြင့် ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုနှင့် ဂုဏ်သိက္ခာထိခိုက်စေခြင်းကိုလည်းကောင်း ပြတ်ပြတ်သားသား ဆန့်ကျင်လာခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်၍ တရုတ်ပြည်သည် ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အတူ ပြတ်သားခိုင်မာစွာ တိုက်ပွဲဝင်လာခဲ့ကြောင်း၊ တရားမျှတမှုဘက်မှ ရပ်တည်လာခဲ့ကြောင်း၊ လူ့အခွင့်အရေး ပြဿနာသည် အနှစ်သာရအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအုပ်ချုပ်မှုနှင့် ဆိုင်သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော် အချုပ်အခြာအာဏာပိုင်မှုကို လေးစားရေးနှင့် ပြည်တွင်းရေးမစွက်ဖက်ရေးတို့သည် အများအသိအမှတ်ပြုထားသော နိုင်ငံတကာဥပဒေသတ်မှတ်စံများဖြစ်ရာ နိုင်ငံတကာဆက်ဆံမှု၏ နယ်ပယ်မှန်သမျှတွင် ကျင့်သုံးရန် သင့်လျော်သဖြင့် လူ့အခွင့်အရေးပြဿနာတွင်လည်း ဓမ္မတာအတိုင်းပင် ကျင့်သုံးရန် သင့်လျော်သည်ဟု တရုတ်ပြည်က တစ်သတ်မတ်တည်း ယူဆကြောင်း။

ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် ပုဒ်မ(၂) အပိုဒ်(၇)တွင် “ဤပဋိညာဉ်စာချုပ်သည် အနှစ်သာရအားဖြင့် မည်သည့်နိုင်ငံ၏ ပြည်တွင်းအုပ်ချုပ်မှု အဝန်းအဝိုင်းအတွင်းမှ အရေးကိစ္စများကို ကုလသမဂ္ဂအား ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာအပ်နှင်းသည်ဟု မမှတ်ယူရ” ဟု သတ်မှတ်ပြဌာန်းထားကြောင်း၊ ကုလသမဂ္ဂက အတည်ပြုသော “အနိုင်နိုင်ငံ၏ ပြည်တွင်းရေးများကို စွက်ဖက်ခွင့်မရှိရေးနှင့် ယင်းတို့၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြေညာစာတမ်း”၊ “ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်နှင့်အညီ အနိုင်နိုင်ငံတို့ ချစ်ကြည်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေမှုများနှင့် ပတ်သက်သော ကြေညာစာတမ်း”၊ “အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခွင့်မရှိရေးနှင့်ကြားဝင်လုပ်ဆောင်ခွင့်မရှိရေးစာတမ်း”တို့တွင် “မည်သည့်နိုင်ငံ၊ သို့မဟုတ် နိုင်ငံများအုပ်စုကမျှ မည်သို့သော အကြောင်းဖြင့်ပင်ဖြစ်စေ၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးရာတို့ကို တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်စွက်ဖက်ခွင့် မရှိ”ဟူ၍လည်းကောင်း၊ “အနိုင်နိုင်ငံတို့သည် လူ့အခွင့်အရေး ပြဿနာကို အသုံးပြု၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ဖြစ်စေ၍သော်လည်းကောင်း၊ အခြားနိုင်ငံ၊ သို့မဟုတ် နိုင်ငံများအုပ်စု အတွင်းပိုင်း၊ သို့မဟုတ် အချင်းချင်းအကြား သံသယဖြစ်မှုများနှင့် ရှုပ်ထွေးမှုများကို ဖန်တီးသည့် လက်သုံးနည်းအဖြစ် အသုံးချခြင်းကို ရှောင်ရှားသည့် တာဝန်ဝတ္တရားရှိကြသည်”ဟူ၍လည်းကောင်း ရှင်းလင်းတိကျစွာသတ်မှတ်ပြဌာန်းထားကြောင်းဖြင့် အမေရိကန်၏လူ့အခွင့်အရေး အကြောင်းပြချက်ဖြင့် နိုင်ငံတကာပြည်တွင်းရေး ဝင်စွက်မှုများကို ပေါ်လွင်အောင် တရုတ်ပြည်၏ အစီရင်ခံစာ၌ သရုပ်ဖော်ပြထားသည်။

ယခုအခါ ကမ္ဘာ့အနေအထား အသစ်နှင့်အဟောင်းတို့ အလဲအလှယ်ပြုလျက်ရှိကြရာ ကမ္ဘာသည် ပို၍ပင် လှုပ်လှုပ်ရွရွ၊ မတည်မငြိမ်ဖြစ်နေကြောင်း၊ ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် အာဏာနိုင်ငံရေးတို့သည် ဆက်လက်တည်ရှိနေပြီး ကမ္ဘာ၏ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုကို အန္တရာယ်ပြုမြဲပြုလျက်ရှိနေကြောင်း၊ လူ့အခွင့်အရေးကို အသုံးချလျက် တစ်ပါးနိုင်ငံ၏ ပြည်တွင်းရေး စွက်ဖက်ခြင်းနှင့် အာဏာနိုင်ငံရေး ကျင့်သုံးခြင်းသည် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်မှုများ ရပ်လုံးပေါ်ရေးကို နှောင့်ယှက်ဟန့်တားလျက် ရှိကြောင်း၊ ယင်းသို့သော နိုင်ငံတကာ အခြေအနေနှင့် မျက်မှောက် ပြုနေရရာတွင် တရုတ်ပြည်အနေဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အတူ တရားမျှတသော၊ နည်းလမ်းတကျဖြစ်သော နိုင်ငံတကာ ဆက်ဆံမှု စည်းစနစ်သစ်တစ်ရပ် ထူထောင်ရေးအတွက် လည်းကောင်း၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်မှုများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဖြစ်ပေါ်တိုးတက်ရေး ရည်ရွယ်ချက် ထမြောက်အကောင်အထည်ပေါ်ရေးအတွက် လည်းကောင်း၊ ဆက်လက်၍ မဆုတ်မနစ် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရန် လိုလားကြောင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူ့အခွင့်အရေး အစီရင်ခံစာကို နိဂုံးချုပ်ထားသည်။

ယခုကဲ့သို့ နိုင်ငံအသီးသီးက ပြန်လည်ရှင်းလင်းနေကြခြင်းမှာ အများပြည်သူများ၊ ကမ္ဘာ့လူသားများ အမြင်ရှင်းလင်းစေလိုကြ၍သာ ဖြစ်သည်။ မူလကတည်းက မုသားအပြည့်ဖြင့် မဟုတ်မမှန်မှန်းသိပါလျက် စွပ်စွပ်စွဲစွဲ ထုတ်ပြန်နေသော အမေရိကန်နိုင်ငံခြားရေးဌာနမှ လူများအား ရှင်းပြနေခြင်းမဟုတ်ဟု ဖော်ပြလိုက်ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်။)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးဈေးရောင်းပွဲတော်(မုံရွာ) ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၂၁

(၆၁)နှစ်မြောက် တပ်မတော်နေ့အကြို အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ဆက်လက်ကျင်းပပြီး နေ့စဉ် နံနက်၈နာရီမှ ည၈နာရီအထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနရှိ လုပ်ငန်းဌာနအသီးသီးမှထုတ်လုပ်သော အထည်အလိပ် ထုတ်ကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါး၊ အလှကုန်နှင့် အိမ်သုံးပစ္စည်းများ၊ ကြွေထည်မြေထည်ဖန်ထည်ပစ္စည်းများ၊ စက္ကူနှင့် ဓာတုဗေဒပစ္စည်းများ၊ အပ်ချုပ်စက်များ၊ စက်ဘီးများ၊ သားရေထည်ပစ္စည်းများ၊ ရော်ဘာပစ္စည်းများ စသည့် လူသုံးကုန်ပစ္စည်းမျိုးစုံ စုစုပေါင်းအမယ်၃၂၅မျိုးကို လွတ်လပ်စွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်(မုံရွာ)ကို မတ်၁၇ရက်မှ စတင်ဖွင့်လှစ်ရောင်းချပေးခဲ့ရာ မတ်၁၉ရက်အထိ သုံးရက်အတွင်း လူသုံးကုန်ပစ္စည်းမျိုးစုံကို ပြည်သူများက ငွေကျပ် ၈၄ဒသမ၅၀၈သန်းဖိုး ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

ယင်းအထူးဈေးရောင်း ပွဲတော်ကို မတ် ၂၇ရက်အထိ နေ့စဉ် နံနက်၈နာရီမှ ည ၈နာရီအတွင်း ဆက်လက်ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီး မျက်နှာကြက် တစ်ခန်းစာအတွက် နှစ်ဖက်မိဘများနှင့် မယ်တော်ကြီးဒေါ်ကျင်လှိုင်အား ဦးထိပ်ထား၍ မောင်ဝင်းမြင့်အောင်(ခ)ဝင်းနောင်နှင့် မချိုချိုသက်(ခ) မီးမီးတို့၏ မင်္ဂလာဦးအလှူအဖြစ် ကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်စိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူများကိုအကျိုးပြုသည့် စီးပွားရေးအခြေခံများ လက်ညှိုးထိုးမလွဲ ပေါ်ပေါက်လျက်ရှိ အခြေခံကောင်းများအသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ်ဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ (မင်းစု)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ဒေသခံ ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာ၊ ပန်းပွားအက အဖွဲ့များ၊ ဆင်အကအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စက်ရုံမုခ်ဦးတွင် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်၊ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် စင်ကာပူသမ္မတနိုင်ငံ L & Z Trading & Investment PTE Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lee Tsu Tienတို့က ဖဲကြိုးဖြတ်၍ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ကို ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ဝန်ကြီးချုပ်က ကြွေရည်စိမ်နှင့်စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ပင်မအလုပ်ရုံ၌ ခင်းကျင်းစီစဉ်ပြသထားသည့် စက်ရုံထုတ်အိမ်သုံး ကြွေရည်စိမ်ပစ္စည်းများ၊ စတီးလ်ပစ္စည်းများကိုလည်းကောင်း၊ ဆက်လက်ထုတ်လုပ်ရန် စမ်းသပ်ထားသည့် ဆေးရုံသုံးစတီးလ်ပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပင်မအလုပ်ရုံအတွင်းရှိ ပြုပြင်ထိန်းသိမ်းရေးဌာန စက်ပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထုတ်လုပ်နေဆဲစတီးလ်ပစ္စည်းများ၊ စတီးလ်ပုံဖော် ပုံထောင်းပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဟိုက်ဒြောလစ်ပုံထောင်းစက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကြွေပုံဖော် ပုံထောင်းဌာန၊ ကြွေမီးဖိုဌာနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လင်ပန်း၊ ပန်းကန်ပြား၊ ဇလုံ၊ မတ်ခွက်စသည့် ကြွေထည်ပစ္စည်းနမူနာပြသထားမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကြွေထည်ပစ္စည်း ပန်းမှုတ် ပန်းကပ်ဌာန၊ ပန်းမှုတ်ဆေးစပ်ခန်းတို့ကိုလည်းကောင်း၊ စတီးလ်ပစ္စည်းများအနားကွပ်ဌာန၊ ထုပ်ပိုးဌာန၊ အရည်အသွေးစစ်ဆေးရေးဌာနတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စုစည်းဖြစ်ပေါ်နေ

ထို့နောက် စက်ရုံခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကိုကျင်းပရာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ဤစက်ရုံကိုဖွင့်လှစ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံအထက်ပိုင်းရှိပြည်သူများအတွက် ခေတ်မီအိမ်သုံးကြွေထည်နှင့် စတီးလ်ပစ္စည်းများကိုထုတ်လုပ်ပေးနိုင်တော့မှာဖြစ်ကြောင်း၊ ယခုအခါ မန္တလေးတိုင်းကိုအခြေပြု၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ကုန်ထုတ်လုပ်မှုတို့သည် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းအသစ်များလည်း စုစည်းဖြစ်ပေါ်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံစည်အားထုတ်မှု၊ နိုင်ငံတော်အပေါ်စေတနာထားမှုတို့ကြောင့် အထက်မြန်မာပြည်အပိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် အကြားအလပ်မကျန် တစ်ပြိုင်တည်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ဆက်တိုက်ဖော်ဆောင်

ပြည်သူများကိုအကျိုးပြုသည့်စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှု အခြေခံများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံ၊ အလုပ်ရုံများသည် အခြေခံကျကျ လက်ညှိုးထိုးမလွဲပေါ်ပေါက်လျက်ရှိသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ယင်းအခြေခံကောင်းများကိုအသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဆက်တိုက်ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ စီမံလမ်းညွှန်ပေးနိုင်မှုနှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများသည် မိမိတို့၏လုပ်ငန်းများကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည့်အတွက် ယခုကဲ့သို့ အောင်မြင်မှုများ၊ အခြေခံကောင်းများတစ်ခုပြီးတစ်ခု ရရှိနေခြင်းဖြစ်ကြောင်း။

ယင်းဖြစ်ထွန်းအောင်မြင်မှုများအပေါ် ပြည်သူလူထုအပိုင်းကလည်း ဝမ်းသာကျေနပ်မှုများဖြင့် နိုင်ငံတော်ကိုအားပေးထောက်ခံလျက်ရှိကြကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုအသားကျ၊ ပိုမိုအားပါလျက်ရှိသည့်အတွက် နိုင်ငံတော်၏အနာဂတ်သည် ခိုင်မာလျက်ရှိပြီဟု သုံးသပ်တင်ပြလိုကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်

ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏မနားမနေ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မှုအပေါ် ပြည်သူများအပိုင်းကလည်း တီထွင်ကြံဆမှု၊ ကြိုးစားအားထုတ်မှု၊ ညီညွတ်မှုတို့ဖြင့် တက်တက်ကြွကြွ တုံ့ပြန်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သွားကြရန်ဖြစ်ကြောင်း။

ယခု ဤခေတ်မီစက်ရုံကို နိုင်ငံတော်၏အစီအမံဘောင်အတွင်းမှနေ၍ ဝန်ကြီးဌာနက တည်ဆောက်ပြီးဖြစ်ရာ စက်ရုံဝန်ထမ်းအဆင့်အားလုံးက သုံးစွဲသူ ကြိုက်နှစ်သက်သည့် အရည်အသွေးရှိသောပစ္စည်းများထုတ်လုပ်ရေး၊ ကုန်ကျ စရိတ်လျှော့နည်းကျဆင်းရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမျှတရေး၊ စက်ရုံရေရှည်တည်တံ့ရေးတို့ကို တာဝန်သိသိ အလေးထား အကောင်အထည်ဖော်သွားရန်လိုကြောင်း။

သို့မှသာ လူအများသုံးစွဲသည့် စတီးလ်အိမ်သုံးပစ္စည်းများ ပြည်ပမှ တင်သွင်းနေရမှုကို ထိရောက်စွာအစားထိုးနိုင်မှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားပြီး ဒေသဖွံ့ဖြိုးရေး၊ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေး၊ အဖျက်သမားအန္တရာယ်တွန်းလှန်ဖယ်ရှားရေးတို့ကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဝယ်ယူသုံးစွဲနိုင်

ဆက်လက်၍ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဤစက်ရုံဖွင့်လှစ်နိုင်ခြင်းကြောင့် မန္တလေးတိုင်း ကျောက်ဆည်ဒေသအပါအဝင် တစ်နိုင်ငံလုံးမှ ပြည်သူများအဆင့်အတန်းမြင့်သည့် ပြည်တွင်းဖြစ်ကြွေရည်စိမ်နှင့် စတီးလ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏ စေတနာဖြင့် ပေါ်ထွန်းလာသည့် ဤစက်ရုံကြီး ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပြောကြား

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ရှင်းလင်း ပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ (မင်းစု) ဖွင့်ပွဲအခမ်းအနားတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် စင်ကာပူသမ္မတနိုင်ငံ L & Z Trading & Investment Pte Ltd မန်နေဂျင်းဒါရိုက်တာ Mr. Lee Tsu Tien တို့က ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ (မင်းစု) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ (မင်းစု) ဖွင့်ပွဲအခမ်းအနားတွင် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ခေတ်မီစတီးလ်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ် လုပ်မှုအခြေအနေတို့ကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသီဟဆွေက ကျောက်ဆည်ဒေသ၌ စက်ရုံတစ်ရုံတိုးလာပြီး စက်ရုံအစုအဖွဲ့ဖြစ်ပေါ်လာခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောက်ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မင်းစုကျေးရွာတိုက်နယ်ဆေးရုံတို့အတွက် အလှူငွေများကို ကျော်သာကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်နှင့် L & Z Trading & Investment PTE Ltd. မန်နေဂျင်း ဒါရိုက်တာ Mr. Lee Tsu Tien တို့က တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် စက်ရုံညှော့ခန်းမ၌ ဝန်ကြီးဦးအောင်သောင်းက ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုများကိုရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က စက်ရုံနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်သည် L & Z Trading & Investment PTE Ltd. မန်နေဂျင်းဒါရိုက်တာနှင့် အင်ဂျင်နီယာများအား သစ်သီးခြင်းလက်ဆောင် ပေးအပ်သည်။

ထို့နောက် ဝန်ကြီးက စက်ရုံတည်ဆောက်သည့်မြန်မာအင်ဂျင်နီယာများအား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ကြွေရည်စိမ်နှင့်စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၌ တစ်ရက်လျှင် အဆိုင်းသုံးဆိုင်းစနစ်ဖြင့် ကြွေရည်စိမ်ပစ္စည်းတန်၇၅၀၊ စတီးလ်ပစ္စည်းတန် ၅၀၀ထုတ်လုပ်နိုင်သည့်စက်များတပ်ဆင်ထားသည်။

ထုတ်လုပ်သွားမည့်ပစ္စည်းများမှာ ကြွေရည်စိမ်ပစ္စည်း၃၂မျိုးနှင့် စတီးလ်အိမ်သုံးပစ္စည်း၄၁မျိုးဖြစ်သည်။

ထုတ်လုပ်သွားမည့်ကြွေရည်စိမ်အိမ်သုံးပစ္စည်းများမှာ ထမင်းစားပန်းကန်ပြား၊ ဟင်းထည့်ပန်းကန်ပြား၊ အချဉ်ပန်းကန်၊ ဟင်းထည့်ဇောက်ပန်းကန်၊ ပန်းကန်လုံး၊ထမင်းလိုက်အုပ်၊ အဖုံးပါဟင်းထည့်အုပ်၊ မတ်ခွက်၊ ဟင်းလိုက်ချိုင့်၊ လက်ကိုင်ပါအကြော်အိုး၊ လင်ပန်းဝိုင်းစသည်တို့ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံး ပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲအခမ်းအနား၌ L & Z Trading & Investment Pte Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Lee Tsu Tien အား သစ်သီးခြင်းလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

အိမ်သုံးပစ္စည်းများ

ထုတ်လုပ်သွားမည့်စတီးလ်အိမ်သုံးပစ္စည်းများမှာ ထမင်းစားပန်းကန်ပြား၊ ဟင်းထည့်ပန်းကန်ပြား၊ ဆားထည့်ပန်းကန်၊ အချဉ်ပန်းကန်၊ ဟင်းထည့် ဇောက်ပန်းကန်၊ အဖုံးပါဟင်းထည့်ပန်းကန်၊ ထမင်းလိုက်အုပ်၊ အဖုံးပါ ဇောက်ပန်းကန်၊ ဇွန်း၊ ဇွန်းခက်ရင်း၊ ထမင်းခပ်ဇွန်း၊ လင်ပန်းဝိုင်း၊ မတ်ခွက်၊ ထမင်းစားလင်ပန်း၊ လက်ဆေးဇလုံ၊ ရေခွက်၊ အကြော်အိုး၊ ဟင်းချက်အိုး၊ ထမင်းချိုင့်၊ တစ်လုံးချိုင့်၊ ဓား၊ ယောက်မ စသည်တို့ဖြစ်သည်။

ထို့အပြင် စတီးလ်လက်ဆေးကန်၊ မျက်နှာသစ်ကန်၊ ပေါင်းအိုးအမျိုးမျိုး၊ ဆေးရုံသုံးပစ္စည်းများ၊ ခါတ်ဘူး၊ အအေးဘူးစသည်တို့ကိုလည်း ထပ်မံတိုးချဲ့ ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မတ် ၂၁

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀) ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ထွေးနှင့် ဌာနကြီးမှူးများ၊ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်နှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တိုင်း/ခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက သွေးလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရောဂါဗေဒဌာန ရောဂါဗေဒပါရဂူ ဗိုလ်ကြီးသန့်ထိန်က သွေးနှင့်ပတ်သက်သည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိ သွေးအိတ်များကို တပ်မှူး ဗိုလ်မှူးချုပ်မြင့်မောင်ထံ ပေးအပ်လှူဒါန်းပြီး တပ်မှူးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ကြည့်ရှုအားပေး

ယင်းနောက် တပ်မှူး ဗိုလ်မှူးချုပ် မြင့်မောင်က ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများက သွေးလှူဒါန်းနေကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား လိုက်လံ ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလားတူ စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပရာ သွေးလှူဘဏ်သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးက အလှူငွေကျပ် ၁၀၀၀၀၀ကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာနုနုသာက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ သွေးလှူဒါန်းနေကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား လိုက်လံကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ သွေးလှူဒါန်းရန် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်စဉ်။ (အမျိုးသမီးရေးရာ)

နယ်မြေဒေသအားလုံးဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံစည်အားထုတ်မှု၊ နိုင်ငံတော်အပေါ်စေတနာထားမှုတို့ကြောင့် အထက်မြန်မာပြည် အပိုင်းအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အားလုံးသည် အကြားအလပ်မကျန် တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိ၊

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန် မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှ တစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ် တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲ ဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှု ဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

မြန်မာ့ရုပ်မြင်သံကြား

၂၂-၃-၂၀၀၆ရက်(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ မျိုးမျိုးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅ ၇။ အရေးပြိုင်ပွဲ
၈း၂၀ ၈။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၆ခုနှစ်)
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာတတိယနှစ် (ပထဝီဝင်အထူးပြု) [ရုက္ခဗေဒ]
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇း၃၅ ၈။ သီချင်းကြီးပဒေသာ
၁၇း၄၅ ၉။ **"ဟွန်းသံ"** ရောနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ (ဒါရိုက်တာ-သက်တင်)
၁၇း၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၄။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထွက်တိုးဖို့ စိုက်ပျိုးတဲ့ရွှေဖြူ(အပိုင်း-၂)
၁၉း၁၀ ၁၅။ တေးဂီတအစီအစဉ်
၁၉း၂၀ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၃၅ ၁၇။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ ၁၈။ ပြည်သူ့အတွက်တပ်မတော် "သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ရှေးခေတ်မြန်မာ့တပ်မတော်"
၂၀း၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ ရုပ်မြင်သံကြားဇာတ်လမ်း **"သူ့ရဲကောင်းများ ထွန်းကားသည်"** (အပိုင်း-၃) ကျော်သူ၊ ရန်အောင်၊ ဒွေး၊ မင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-ပန်းချီစိုးမိုး)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူး ရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ် စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်း ကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

ဥက္ကလာပစေတီကြီး ရွှေသင်္ကန်းကပ်လှူပူဇော်မှုပါဝင်လှူဒါန်းနိုင်

ရန်ကုန် မတ် ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီးသည် ၁၉၉၀ ပြည့်နှစ်မှစ၍ တည်ထားပူဇော်သော စေတီတော်ကြီးဖြစ်ပြီး ကပ်လှူပူဇော်ထားသော ရွှေသင်္ကန်းများမှာ ၁၆နှစ်မျှကြာမြင့်ပြီဖြစ်၍ ရွှေရောင်မှေးမှိန်ပျက်ပြယ်နေပြီဖြစ်၍ ယခုနှစ် ဇန်နဝါရီလမှစတင်ကာ ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်နေသဖြင့် ၁၆နှစ်ကြာမှပေါ်ပေါက်သော ကြုံတောင့်ကြုံခဲ အလှူပွဲကြီးကို ရဟန်းရှင်လူပြည်သူများ သဒ္ဓါတတ်အားသရွေ့ ပါဝင်လှူဒါန်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၁) နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

၂၆–၃–၂၀၀၆ မှ ၄–၄–၂၀၀၆

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် (၁၆)အပိုင်း ၃ ရပ်ကွက် (၃၂)ကြိမ်မြောက် ဓမ္မာရုံမလွန်ဆန်လှူအသင်းထောက် အကြိုတရားပွဲများကို ညစဉ် ၆နာရီမှစတင်၍ ဟောကြားမည်ဖြစ်ရာ မတ် ၂၅ရက်တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)၊ ၂၆ ရက်တွင် အရှင်ပညာသီဟာဘိဝံသ၊ ၂၇ရက်၌ အရှင်သုမင်္ဂလ (ဝေါ) နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်မည်ဖြစ်ရာ ဓမ္မဒါနအလှူရှင်များလှူဒါန်းလိုပါက တရားပွဲဖြစ်မြောက်ရေးကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပုပ္ပား (၂) မိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မတ် ၂၁

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌လစဉ် တရားစခန်းဖွင့်လှစ်လျက်ရှိရာ (၁၃၇)ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို ဧပြီ၇ရက် သောကြာနေ့မှစ၍ နှစ်ဆန်းတစ်ရက်နေ့ (ဧပြီ၁၇ရက်) တနင်္လာနေ့အထိ ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ပုပ္ပား(၂) ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)ဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်ရာ တရားစခန်းဝင်ယောဂီများ လူကိုယ်တိုင်ဖြစ်စေ ဖုန်း–၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြန်ကြားရေးရာဌာနကြီးကအလှူငွေနှင့်စာအုပ်မျိုးစုံလှူဒါန်း

ရန်ကုန် မတ် ၂၁

ကျေးလက်ပြည်သူများ အသိဉာဏ် ဗဟုသုတတိုးတက်မြင့်မားစေရန်နှင့် စာပေဖတ်ရှုလေ့လာသည့်အလေ့ အထပွားများလာစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် သရက်ချောင်း စံပြကျေးရွာရှိ ဒက္ခိဏာရုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ အလှူငွေနှင့်စာအုပ်မျိုးစုံလှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ ကျေးရွာရှိ မနောသိဒ္ဓိဘုန်းကြီးကျောင်းဓမ္မာရုံ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးဒေါ်ကြည်ကြည်ဝင်းက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး **(အပေါ်ပုံ)** က စာကြည့်တိုက်အတွက် အလှူငွေ ကျပ်ငါးသောင်းနှင့် စာအုပ်မျိုးစုံ ၁၄၉၃အုပ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စာအုပ်မျိုးစုံ အုပ်ရေ၃၀၀၊ ရန်ကုန်တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရေဒီယိုကက်ဆက်တစ်လုံးနှင့် စာအုပ်မျိုးစုံ အုပ်ရေ၆၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ကအလှူငွေကျပ်နှစ်သောင်းနှင့်စာအုပ်မျိုးစုံ အုပ်ရေ၁၀၀၊ တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကစာအုပ်မျိုးစုံ ၇၄အုပ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါ်မြမြဝင်းက စာအုပ်မျိုးစုံ အုပ်ရေ ၁၂၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေကျပ်တစ်သောင်းနှင့် တိုင်ကပ်နာရီတစ်လုံး၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အလှူငွေကျပ်နှစ်သောင်းနှင့် ကျေးရွာ ရပ်မိရပ်ဖတို့က အလှူငွေကျပ်ရှစ်သောင်း စုစုပေါင်း စာအုပ်မျိုးစုံ ၂၆၈၇အုပ်နှင့် အလှူငွေကျပ် နှစ်သိန်းတစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ သရက်ချောင်း စံပြကျေးရွာဥက္ကဋ္ဌ ဦးတင်မှတ်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ဒက္ခိဏာရုံကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ဆုံးပုံ)**

(သတင်းစဉ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၂၁

ရန်ကင်း ပြည်သာယာ(တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဆေးပစ္စည်းများ လှူဒါန်းလျက်ရှိကြရာ ဒေါက်တာမိုးတင်–ဒေါက်တာအိအိတင်၊ သမီး နိုင်တင်ဇာသူ၊ သား ကောင်းတင်ခန့် မိသားစုက ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်အတွက် အလှူတော်ငွေကျပ်နှစ်သိန်းနှင့် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းမျိုးစုံကိုလည်းကောင်း၊ ကလေးအထူးကု ဒေါက်တာယုဇနစောမြင့်က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်း မျိုးစုံကိုလည်းကောင်း၊ လမ်းမတော် ၁၁ လမ်းထိပ် ကောင်းဆေးစတိုးက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးမျိုးစုံကိုလည်းကောင်း၊ ၁၃၃လမ်း မအူကုန်းမှ ကျားပုန်းဆေးကိုယ်စားလှယ် ဒေါ်မေကြည်က ကျပ်ငွေငါးသောင်း တန်ဖိုးရှိ ဆေးပစ္စည်းမျိုးစုံကို လည်းကောင်း လှူဒါန်းကြသည်။ ဆေးပစ္စည်းနှင့် အလှူတော်ငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

ရေစုပ်ပန့်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၂၁

KOL Global Co., Ltd. ၏ Shakti နှင့် Venz ရေစုပ်ပန့်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက် အဆောက်အအုံ၌ ကျင်းပရာ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ KOL Global Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်နိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး Shakti Submersible Pumpနှင့် ပတ်သက်သည့် အကြောင်းအရာများကို Mr. Rameshကလည်းကောင်း၊ Venz Pump နှင့် ပတ်သက်သည့် အကြောင်းအရာများကို Mr. Natjphan Jirawarananကလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြ၍ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(ဝဲအောက်ပုံ)**

ဆက်သွယ်နိုင်

KOL Global Co., Ltd. သည် အိမ်သုံး၊ စက်ရုံသုံး ရေစုပ်ပန့်အမျိုးမျိုးနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး စက်ပစ္စည်းအမျိုးမျိုး၊ မီးစက်အမျိုးမျိုး၊ ဂေါက်ကွင်းသုံး မြက်ဖြတ်စက်အမျိုးမျိုးတို့ကို သက်ဆိုင်ရာကုမ္ပဏီများ၏ မြန်မာနိုင်ငံအတွက် တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တာဝန်ယူဖြန့်ချိ ရောင်းချသည့်အပြင် စက်တပ်ဆင်စမ်းသပ်လည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စက်အပိုပစ္စည်းရောင်းချခြင်း လုပ်ငန်းများကိုပါ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကုမ္ပဏီနှင့် ဆက်သွယ်လိုပါက အမှတ် ၆၄၆ ရန်ကုန်–အင်းစိန်လမ်း လှိုင်မြို့နယ် ဖုန်း–၅၁၄၈၆၅၊ ၅၁၉၆၇၉နှင့် ၅၀၅၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လျှပ်စစ်မော်တာထုတ်လုပ်ရေးစက်ရုံနှင့် မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်းစက်ရုံဖွင့်ပွဲအခမ်းအနားတို့ကို တက်ရောက်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ကြံခွဲကျေးရွာအနီးရှိ အလိုင်နီရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက အလိုင်နီရေလှောင်တမံ တည်ဆောက်ပြီးစီးမှု၊ လဂွမ်းပြင်ရေလှောင်တမံသို့ ဆက်သွယ်ရေးမြောင်းဖြင့် ရေကူပေးရန် စီစဉ်ဆောင်ရွက်မှု၊ ဆည်ရေပေးဝေမှု စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဲခူးတိုင်း ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိုးက တူးမြောင်းမကြီးတည်ဆောက်ပြီးစီးမှု၊ လက်တံမြောင်းများ ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရန်ကုန်–ပဲခူးကားလမ်း အနောက်ဘက်ခြမ်းရှိ လယ်မြေ ၆၄၄ ဧကကို စိုက်ပျိုးရေပေးဝေမှု၊ ရန်ကုန်–ပဲခူးကားလမ်း အရှေ့ဘက်ခြမ်းရှိ လယ်မြေ ၃၈၀၁ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အလိုင်နီရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ စိုက်ပျိုးရေပေးဝေနိုင်မှု၊ ယခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးနိုင်မှု၊ လာမည့်နှစ်အတွက် ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးရန် နိုင်ငံတော်က လျာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အပြီးဖောက်လုပ်

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆည်များတည်ဆောက်ပြီးစီးသော်လည်း ရေပေးမြောင်းများမပြီး၍ မစိုက်မပျိုးနိုင်ခြင်းမျိုး မဖြစ်ရအောင် ဆည်ပြီးသည်နှင့် ရေပေးမြောင်းများပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလိုင်နီရေလှောင်တမံနှင့် လဂွမ်းပြင်ရေလှောင်တမံတို့ ပြီးစီးသည်မှာ သုံးနှစ်ကျော်ပြီဖြစ်သော်လည်း မြောင်းမကြီးများ၊ လက်တံမြောင်းများ ပြီးစီးခြင်းမရှိသေး၍ စိုက်ပျိုးရေးအတွက် ပြည့်ပြည့်ဝဝအကျိုးမပြုနိုင်ကြောင်း၊ ထို့ကြောင့် လာမည့်ဘဏ္ဍာနှစ်တွင် ရေပေးမြောင်းများ အပြီးဖောက်လုပ်သွားရန် မှာကြားလိုကြောင်း၊ ဆည်များမှ ရေပေးဝေနိုင်သည့် စိုက်ပျိုးမြေဧရိယာကို တွက်ချက်ရာတွင် စိုက်ပျိုးခြင်းမပြုနိုင်သည့် ကုန်းများ၊ ချိုင့်ဝှမ်းများကို နုတ်ပယ်၍ အမှန်တကယ်စိုက်ပျိုးနိုင်ပြီး ရေပေးဝေနိုင်သည့် စိုက်ပျိုးမြေဧရိယာကိုသာ တွက်ချက်စာရင်းပြုစုရန်လိုအပ်ကြောင်း၊ သို့မှသာ ထိုဆည်တမံအတွက် နိုင်ငံတော်က အကုန်အကျခံရမည့် ငွေကြေးပမာဏနှင့် ရရှိမည့်အကျိုးကို မှန်မှန်ကန်ကန် တွက်ချက်နိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

လဂွမ်းပြင်ရေလှောင်တမံ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်အစပ်ရှိ လဂွမ်းပြင်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက လဂွမ်းပြင်ရေလှောင်တမံတည်ဆောက်ခြင်းဖြင့် ပဲခူးတိုင်းအတွင်းရှိ ရေကြီးနစ်မြုပ်လေ့ရှိသော လယ်မြေများကို ရေလွှမ်းမိုးမှုဘေးမှ ကာကွယ်နိုင်မှု၊ နွေစပါးနှင့် အခြားစိုက်ပျိုးသီးနှံများအတွက် စိုက်ပျိုးရေပေးဝေနိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်အစပ်ရှိ လဂွမ်းပြင်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒတရားပွဲ

ရန်ကုန် မတ် ၂၁

ဗဟန်းမြို့နယ် ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံ၌ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ တရားပွဲများကျင်းပမည်ဖြစ်ရာ မတ် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် မူလတန်းကလေးများ တရားပွဲနှင့် မတ် ၂၅ ရက်(စနေနေ့)တွင် အလယ်တန်းကလေးများ တရားပွဲများကို ညနေ ၆ နာရီမှစ၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အလိုင်နီနှင့် လဂွမ်းပြင်ရေလှောင်တမံတို့ကို ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သော်လည်း ရည်မှန်းချက်အတိုင်း ရေပေးဝေနိုင်ခြင်းမရှိသေးကြောင်း၊ အဓိကအားဖြင့် ရေပေးဝေသည့်မြောင်းများ အချိန်မီပြီးစီးရန် လိုအပ်နေကြောင်း၊ ရေမြောင်းများ၏ အချို့နေရာများတွင် ပြိုပျက်မှုများရှိနေ၍ ပြန်လည်ပြုပြင်ရန်လိုအပ်ကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

တင်ပြသည်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အလိုင်နီနှင့် လဂွမ်းပြင်ရေလှောင်တမံတို့မှ ငမိုးရိပ်လက်တံမြောင်းသို့ ဆက်သွယ်၍ ရေကူရန်မလိုကြောင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေဖြန့်ဝေရေးအတွက်သာ ဦးစားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ငမိုးရိပ်ဆည်က စိုက်ပျိုးရေနှင့် ရန်ကုန်မြို့ ရေပေးဝေရေးအတွက် ဆောင်ရွက်ရာတွင် ငမိုးရိပ်ဆည်မှ ရေပို့လွှတ်သည့် မြောင်းမကြီးကို ချဲ့ထွင်လိုက်မည်ဆိုပါက စိုက်ပျိုးရေးအတွက်ရော မြို့ရေပေးဝေရေးအတွက်ပါ အဆင်ပြေသွားမည်ဖြစ်၍ မြောင်းမကြီးချဲ့တွင်ရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆည်မြောင်းဦးစီးဌာနတို့ အမြန်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပြိုကျနေသော ရေပေးမြောင်းအစိတ်အပိုင်းများကို အမြန် ပြန်လည်ပြင်ဆင်ရန် လိုကြောင်းဖြင့် မှာကြားသည်။

အချိန်မီပြင်ဆင်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းလွင်ကုန်းရှိ လဂွမ်းပြင်ရေလှောင်တမံ လက်ဝဲမြောင်း လက်တံ(၁)သို့ ရောက်ရှိကြ၍ ရေပေးမြောင်းပြိုကျနေမှုကို ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရေပေးမြောင်းကို အချိန်မီပြင်ဆင်ပြီး ရေပေးဝေရေးအတွက် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ ဝါးနက်ကုန်းကျေးရွာအုပ်စု အင်းထားဝယ်ကျေးရွာအနီးရှိ လဂွမ်းပြင်ရေလှောင်တမံမြောင်းမကြီးသို့ ရောက်ရှိကြ၍ မြောင်းမကြီးအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဲမွန်တပ်မြို့ လှေလှော်အင်းရထားလမ်းကို ဖြတ်သန်းဖောက်လုပ်မည့် လဂွမ်းပြင်ရေလှောင်တမံ ပင်မမြောင်းမကြီးသို့ ရောက်ရှိကြ၍ ကြည့်ရှုစစ်ဆေးရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပင်မမြောင်းမကြီး ဖောက်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်းကာ ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပင်မမြောင်းမကြီး ဖောက်လုပ်ပြီးစီးရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်–ပဲခူးကားလမ်း အမှတ်(၃)လမ်းမကြီးအနီးရှိ ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမကြီး ဖောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမကြီးဖောက်လုပ်ရေးအတွက် လမ်းအူကြောင်း ရှာဖွေထားမှုကို ကြည့်ရှုစစ်ဆေးရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကိုမှာကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၁

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၅၃)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ မတ် ၂၈ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆ နှင့် ၀၅၆–၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် မတ် ၂၈ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲ ပြီးစီး အသက်(၂၃)နှစ်အထက်နှင့် ယူ–၂၃ အသင်းသရေကျ

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းဖွဲ့စည်းရေး လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းနှင့် အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းတို့ တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။

နှစ်ပွဲဆက်တိုက် အနိုင်ရရှိထားသော အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းသည် သုံးပွဲဆက်တိုက် အနိုင်ရရှိရေး ခြေကုန်ထုတ်ကစားသော်လည်း သုံးဂိုးအသွင်းခံရပြီးမှ သုံးဂိုးပြန်သွင်းခဲ့ရခြင်း ဖြစ်သည်။ တစ်ပွဲနိုင် တစ်ပွဲရှုံးထားသော အသက်(၂၃)နှစ်အောက် အသင်းသည် ဦးဆောင်ဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့သော်လည်း ဒုတိယပိုင်း၌ တစ်ဖက်အသင်း၏ တိုက်စစ်ကို မဟန့်တားနိုင်၍ သုံးဂိုးပြန်ပေးခဲ့ရပြီး သရေဖြင့် ကျေနပ်လိုက်ရသည်။

ဂိုးသွင်းယူ

အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် ကျော်ဇင်ဝင်း၊ ဒုတိယဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် မာလ၊ တတိယဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ကျော်ဒွန်းတို့က သွင်းယူပေးသည်။ အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းအတွက် ချေပဂိုးများကို ပွဲချိန် ၃၈ မိနစ်တွင် ကျော်ခိုင်ဝင်းက ပထမဂိုး၊ ပွဲချိန် ၅၇ မိနစ်တွင် အောင်ကျော်မိုးက ဒုတိယဂိုး၊ ပွဲချိန် မိနစ် ၈၀ တွင် တင့်နိုင်ထွန်းသိန်းက တတိယဂိုး သွင်းယူပေးသည်။

အသက်(၂၃)နှစ်အထက်

အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းတွင်**(ဂိုး)**အောင်အောင်ဦး (ကိုကိုအောင်)၊ **(နောက်တန်း)** ဇော်လင်းထွန်း(၂)၊ အောင်ကျော်မြင့်၊ ကျော်ခိုင်ဝင်း၊ မင်းသူ (အောင်ကျော်မိုး)၊ **(အလယ်တန်း)**တင့်နိုင်ထွန်းသိန်း၊ သက်နိုင်စိုး၊ စန်းမောင် (လာကျဲအိုလွယ်)၊ ထွန်းထွန်းနောင်၊ **(ရှေ့တန်း)** မျိုးလှိုင်ဝင်းနှင့် အောင်မြင့်အေးတို့ ပါဝင်ကစားခဲ့ကြသည်။

အသက်(၂၃)နှစ်အောက်

အသက်(၂၃)နှစ်အောက်လက်ရွေးစင်အသင်းတွင် **(ဂိုး)** ကျော်မင်းလှိုင် (ဖြိုးမင်းမောင်)၊ **(နောက်တန်း)** ခင်မောင်ထွန်း၊ ကျော်ဇေယျာမင်း၊ ကျော်ဇေယျာဝင်း၊ အောင်ထွန်းလင်း၊ **(အလယ်တန်း)** မိုးဝင်း၊ ကျော်ဒွန်း (နေဝင်း) (ဝင်းမင်းထွဋ်)၊ စိုးသီဟအောင် (ဇော်ဇော်)၊ မျိုးမင်းထွန်း၊ **(ရှေ့တန်း)** မာလ(ဆန်းဒေးသိန်း)နှင့် ကျော်ဇင်ဝင်း(မင်းမင်းထွန်း)တို့ ပါဝင်ကစားခဲ့ကြသည်။

ပြိုင်ပွဲပြီးစီး

လေးပွင့်ဆိုင် အထူးခြေစမ်းဘောလုံးပြိုင်ပွဲ ပြီးစီးသွားပြီဖြစ်ရာ အသက်(၂၃)နှစ်အထက် လက်ရွေးစင်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ (၇)မှတ်၊ ပဏာမလက်ရွေးစင်(ခ)အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၆)မှတ်၊ အသက်(၂၃)နှစ်အောက် လက်ရွေးစင်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၄)မှတ်ရရှိပြီး ပဏာမလက်ရွေးစင်(က)အသင်းက သုံးပွဲရှုံး အမှတ်မရချေ။

ယနေ့ပွဲမရှိ

မတ် ၂၂ ရက် **(ယနေ့)**တွင် ပွဲမရှိဘဲ မတ် ၂၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်းကွင်းပိတ် (ရှုံးထွက်) ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ပို့ဆောင်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မဏိရတနာကျောင်းဆရာတော် မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဓမ္မဗိမာန်ဓမ္မာရုံတွင် မတ် ၂၅ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၆ နာရီမှစတင်၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရား မဏိရတနာကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ပိဋကတ်နှစ်ပုံအောင် ဆရာတော်က ပဋိစ္စသမုပ္ပါဒ်သစ္စာတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က–ပ)**

● ကျောဖုံးမှ

တွေ့ဆုံမေးမြန်း

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ခန်းမ၌ ကျင်းပ ပြုလုပ်လျက်ရှိသည့် (၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲတွင် နိုင်ငံတကာမှ လာရောက်ဝယ်ယူသူ ရတနာကုန်သည်များနှင့် ပြည်တွင်းမှ ကျောက်မျက်ရတနာကုန်သည်များအား မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ကြသည်။

နိုင်ငံတကာမှ ရတနာကုန်သည်များ မြန်မာ့ကျောက်မျက်ရတနာများအပေါ် စိတ်ဝင်စားမှုမှာ အံ့သြဖွယ်ရာ ကောင်းကြောင်း ပြောကြားသူ ပြည်တွင်းကျောက်မျက်ရတနာ ကုန်သည် ဦးကျော်ဝင်း။ (မြန်မာ့အလင်း)

ကျောက်စိမ်းအရည်အသွေးကောင်း

ပထမဦးစွာ ဟောင်ကောင်မှ ရတနာကုန်သည်တစ်ဦး ဖြစ်သည့် ယက်မန်စမ်းအား တွေ့ဆုံမေးမြန်းရာတွင် “မိမိအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲကို ၁၉၈၄ခုနှစ်မှစတင်ကာ နှစ်စဉ်အကြိမ်တိုင်း မပျက်မကွက် လာရောက်ကာ ကျောက်မျက်များကို ဝယ်ယူခဲ့ကြောင်း၊ အများအားဖြင့် ကျောက်စိမ်းများကို ဝယ်ယူခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်စိမ်းများသည် အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းလည်း သင့်ပါကြောင်း၊ ယခုမိမိအနေဖြင့် ကျောက်စိမ်းအတော်များများ ဝယ်ယူထားပြီး ဖြစ်ပါ

လာရောက်ခဲ့သည့် အကြိမ် ၁၅နှစ်ရှိပြီဖြစ်ကြောင်း၊ အကြိမ်တိုင်း ကျောက်မျက်အများအပြားကို ဝယ်ယူခဲ့ပါကြောင်း ပြောကြားသည့် တရုတ်နိုင်ငံမှ ရတနာကုန်သည် ကျန်းချင်းလင်။ (မြန်မာ့အလင်း)

ကြောင်း”ပြောကြားသည်။ ယက်မန်စမ်းသည် ဟောင်ကောင်၌ ကျောက်စိမ်း အချောထည်များကို အဓိကပြုလုပ်ရောင်းချ ဖြန့်ဖြူးနေသည့် လုပ်ငန်းပိုင်ရှင် ကျောက်မျက်ရတနာကုန်သည်တစ်ဦးဖြစ်သည်။

ထို့နောက် ကျောက်မျက်ခန်းမမြေပြင်၌ ခင်းကျင်းပြသထားသော ကျောက်မျက်များကို စိတ်ဝင်တစားမီးထိုးပြီးကြည့်ရှုနေသူ ကျောက်မျက်ရတနာကုန်သည် တစ်ဦးဖြစ်သည့် တရုတ်နိုင်ငံမှ ကျန်းချင်းလင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ ပြည်တွင်း၌ ဓမ္မဒူတခရီးထွက်ရာ မတ်၁၁ရက် ဝါးခယ်မမြို့သို့ရောက်ရှိစဉ် ဝါးခယ်မမြို့ ဈေးရပ်ကွက်နေ ဒေါ်သန်းကြည် မိသားစုက တိပိဋကဓမ္မဗိမာန်တော်ဆောက်လုပ်ရန် လှူဒါန်းသောကျပ် ၁၁သိန်း [(၄)ကြိမ်မြောက် စုစုပေါင်း၄၄သိန်း]ကို ဆရာတော်၏ ကပ္ပိယကာရက သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကဦးစောကြိုင်က လက်ခံယူစဉ်။ (က-ပ)

တရုတ် ကျောက်မျက်ရတနာကုန်သည် ကျန်းချင်းလင်က ပြောကြားရာတွင် “မြန်မာ့ကျောက်မျက် ရတနာရောင်းချပွဲကို မိမိအနေဖြင့်လာရောက်ခဲ့သည်မှာ ၁၅နှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ လာရောက်သည့် အကြိမ်တိုင်းလည်း မြန်မာ့ ကျောက်မျက် ရတနာများကို အများအပြား ဝယ်ယူခဲ့ကြောင်း၊ မိမိအနေဖြင့် ကျောက်စိမ်းကို အဓိကထား ဝယ်ယူသော်လည်း အခြားကျောက်မျက်ရတနာများလည်း ဝယ်ယူခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျောက်မျက်ဝယ်ယူရသည်မှာ စိတ်ချမ်းသာကျေနပ်မှုရှိပါကြောင်း၊ တာဝန်ရှိသူများကလည်း လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးပါကြောင်း” ပြောကြားသွားသည်။

ထို့နောက် တရုတ်နိုင်ငံ ပေကျင်းမြို့မှ ရတနာကုန်သည် တစ်ဦးဖြစ်သူ ဝမ်ရွှေ့မီကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဝမ်ရွှေ့မီသည် တရုတ်နိုင်ငံတွင် ကျုံးရီကုမ္ပဏီအမည်ဖြင့် ကျောက်မျက်ရတနာများရောင်းဝယ်ခြင်းလုပ်ငန်းကို ဦးစီးလုပ်ကိုင်နေသူဖြစ်သည်။

နှစ်စဉ်မပျက်

မစ္စတာဝမ်ရွှေ့မီက ပြောကြားရာတွင် “မိမိသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းချပွဲသို့ နှစ်ပေါင်း၂၀ ကျော်ကြာကတည်းက နှစ်စဉ်မပျက် ဆက်တိုက် လာရောက်ခဲ့သူဖြစ်

၁၉၉၃ခုနှစ်ကတည်းက ပါဝင်ပူးပေါင်းပြသခဲ့သည့် ပြည်တွင်းကျောက်မျက်ရတနာ ကုန်သည် ဦးသန်းလွင်။ (မြန်မာ့အလင်း)

ကြောင်း၊ မိမိအနေဖြင့် ကျုံးရီအမည်ဖြင့် ရတနာကုမ္ပဏီစဖွင့်သည့် အချိန်ကပင် မြန်မာ့ကျောက်မျက်များကို ဝယ်ယူခဲ့သူဖြစ်ကြောင်း၊ မိမိနှင့်မြန်မာ့ကျောက်မျက်ရတနာများသည် ရင်းနှီးကျွမ်းဝင်နေသလို မြန်မာမိတ်ဆွေများနှင့်လည်း ခင်မင်ရင်းနှီးနေပြီဖြစ်ပါကြောင်း၊ ယခု နှစ်တွင်လည်း ကျောက်မျက် အတော်များများကို ဝယ်ယူပြီးဖြစ်ပါကြောင်း ပြောကြားသွားသည်။

တစ်ဖန် ကျောက်မျက်ရတနာကုန်သည် အမျိုးသမီးတစ်ဦးဖြစ်သူ တရုတ်နိုင်ငံမှ သီရီဆာဝမ်နှင့် တွေ့ဆုံမေးမြန်းရာ “မိမိသည် မြန်မာ့ကျောက်မျက်ရတနာ ရောင်းချပွဲသို့ လာရောက်ခဲ့သည်မှာ ၁၀နှစ်ခန့် ရှိပြီ

မိမိ၏ ကျောက်မျက်ရတနာကုမ္ပဏီ စဖွင့်ကတည်းက မြန်မာ့ကျောက်မျက်များကို အကြိမ်တိုင်း နှစ်စဉ်မပျက် လာရောက်ဝယ်ခဲ့သည်မှာ နှစ်၂၀ရှိပြီဟု ပြောကြားနေသည့် တရုတ်နိုင်ငံမှ ရတနာကုန်သည် ဝမ်ရွှေ့မီ။ (မြန်မာ့အလင်း)

ဖြစ်ပါကြောင်း၊ ကျောက်စိမ်းများကို အဓိကထား ဝယ်ယူပါကြောင်း၊ တရုတ်နိုင်ငံတွင် ကျောက်စိမ်း အချောထည်ပစ္စည်းများကို ပြုလုပ်ရောင်းချခြင်းကိုလုပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်မျက်ဝယ်ယူရသည်မှာ စိတ်ချမ်းသာမှုရှိပါကြောင်း”ပြောကြားသွားသည်။

ရတနာကုန်သည် နောက်တစ်ဦးဖြစ်သူ တရုတ်နိုင်ငံမှ ဝမ်နီကွမ်နှင့်တွေ့ဆုံ မေးမြန်းရာတွင် “မိမိအနေဖြင့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို လာရောက်သည်မှာ ငါးကြိမ်ခန့် ရှိပြီဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်များမှာ အရည်အသွေး ကောင်းမွန်ပါကြောင်း၊ တစ်နှစ်ထက် တစ်နှစ် ကျောက်မျက်များ ခင်းကျင်းပြသမှုများပြားလာပါကြောင်း” ပြောကြားသွားသည်။

တစ်နှစ်ထက်တစ်နှစ်မြင့်မား

တရုတ်နိုင်ငံတွင် ကျောက်မျက်ဈေးကွက်ကြီးမားမှု တဖြည်းဖြည်းကျယ်ပြန့်လာလျက်ရှိရာ မြန်မာ့ကျောက်မျက်ရတနာများ၏ ရောင်းချမှုမှာလည်း တစ်နှစ်ထက် တစ်နှစ်မြင့်မားလာလျက်ရှိသည်။

ထို့နောက် မြန်မာနိုင်ငံမှပြည်တွင်း ကျောက်မျက် ရတနာကုန်သည်များကို ကျောက်မျက်ရတနာ ရောင်းချမှုနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ ပထမဦးစွာ စိန်လုံ(မ်)တောင်တန်းကုမ္ပဏီမှရတနာကုန်သည်တစ်ဦးဖြစ်သည့် ဦးသန်းလွင်အားမေးမြန်းခဲ့သည်။

အကျိုးတူပူးပေါင်းမည်

ဦးသန်းလွင်က “မိမိတို့အနေဖြင့် ၁၉၉၃ခုနှစ် ကတည်းက မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ရောင်းချပွဲတွင်ပူးပေါင်းပါဝင်ပြသခဲ့ပါကြောင်း၊ ပြသရာတွင် ကျောက်စိမ်းအတွဲများ၊ အထည်ကျောက်၊ အသားကျောက်များအပါအဝင် အခြားကျောက်မျက်မျိုးစုံကိုလည်း ပြသခဲ့ပါကြောင်း၊ နိုင်ငံတကာမှ ရတနာကုန်သည်များက မြန်မာ့ကျောက်မျက်များကို တစ်နှစ်ထက်တစ်နှစ် စိတ်ဝင်စားမှု ပိုမိုများလာသည်ကို တွေ့ရသဖြင့် ဝမ်းသာရပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း”ပြောကြားသွားသည်။

ဝန်ဆောင်မှုအဆင်ပြေချောမွေ့

ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်တစ်ဦးဖြစ်သူ ကျောက်စိမ်းတောင်ကုမ္ပဏီမှ ဦးကျော်ဝင်းအား တွေ့ဆုံမေးမြန်းရာတွင် “မိမိအနေဖြင့် ကျောက်မျက် ရတနာပြပွဲနှင့် ရောင်းချပွဲတွင် ယခုအကြိမ်အပါအဝင် သုံးကြိမ်ပါဝင်ပြသခဲ့ပါကြောင်း၊ ကျောက်စိမ်းအထည်ကျောက်၊ ကျောက်စိမ်းရုပ်တုများလည်း ပါဝင်ပြသခဲ့ပါကြောင်း၊ နိုင်ငံတကာမှ ရတနာကုန်သည်များ၏ မြန်မာ့ကျောက်မျက်များအပေါ် စိတ်ဝင်စားမှုမှာ အံ့သြဖွယ်ရာကောင်းကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် ပူးပေါင်း ဆောင်ရွက်ရသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့ပါကြောင်း” ပြောကြားသွားသည်။

နှစ်ထောင်းအားရဖွယ်

(၄၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကား နှစ်တိုင်းနှင့်မတူ ထူးထူးခြားခြားဖြစ်ကာ နိုင်ငံတကာမှ ရတနာကုန်သည်များ ပျားပန်းခပ်မျှ ရောက်ရှိကာ မြန်မာ့ကျောက်မျက်ရတနာများကို လေ့လာကြည့်ရှုစေ့ငု ဝယ်ယူနေကြသည့် မြင်ကွင်းကား နှစ်ထောင်းအားရဖွယ် မြင်ကွင်းဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲ စတင်ယှဉ်ပြိုင် ဝက်စ်ဟမ်းက မန်စီးတီးအိမ်ကွင်း၌ အနိုင်ရရှိခဲ့

လန်ဒန် မတ် ၂၁

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့်ဝက်စ်ဟမ်းအသင်းတို့သည် မတ်၂၀ရက်က မန်စီးတီးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဝက်စ်ဟမ်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲဦးဆောင်မှုနေရာတစ်နေရာအတွက် ရရှိသွားသည်။

နှစ်သင်းစလုံး ပွဲစသည်နှင့် အကြိတ်အနယ်ထိုးဖောက်ယှဉ်ပြိုင် ကစားခဲ့ကြရာ ပထမပိုင်းပွဲပြီးရန် လေး မိနစ်အလိုတွင် ဝက်စ်ဟမ်းတိုက်စစ်မှူး အက်ရှ်တန်က အဖွင့်ဂိုး သွင်းယူလိုက်သည်။

အနီကတ်ပြ

မန်စီးတီးအသင်းမှ ဆွန်ဂျီဟိုင်းသည် ၅၆ မိနစ်တွင် ဝက်စ်ဟမ်းမှ မက်သရူးအီသာရင်တန်အား လက်ဆွဲထားသဖြင့် ဒိုင်လူကြီးကအနီကတ်ပြပြီး ပြိုင်ပွဲမှ ထုတ်ပယ်လိုက်သည်။ မန်စီးတီးတို့ ၁၀ယောက်၊ ၁၁ ယောက်ဖြင့် မနည်းအကွက်ပြည့်အောင် လိုက်ကစားနေခဲ့ရသည်။



ဘောလုံးယှဉ်လု

အက်ဖ်အေဖလားကွာတား ဖိုင်နယ်ပွဲအဖြစ် မန်စီးတီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ မန်စီးတီးမှ ဘာတန် (ဝဲ) နှင့်ဝက်စ်ဟမ်းမှ ကိုကာတို့ ဘောလုံးကို ဤသို့ယှဉ်လုခဲ့ကြသည်။ (ဓာတ်ပုံ- အင်တာနက်)

ဒုတိယမြောက်ဂိုး

ဝက်စ်ဟမ်းတို့ ဆက်လက်ဖိကစားလာပြီး ၆၉မိနစ်တွင် အက်ရှ်တန်ကပင် ဝက်စ်ဟမ်းအသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။

မန်စီးတီးတို့ ချေပဂိုးသွင်းနိုင်ရေးအတွက် ပြန်လည်တိုက်စစ်ဆင်ကစားရာပွဲပြီးရန် ငါးမိနစ်အလိုတွင်မူဆမ်ပါက သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းတွင် နာမည်ကြီး ကစားသမားများဖြစ်ကြသည့် ဆာမာရက်ဇ်၊ ထရီဗာဆင်ကလဲယား၊ ကလော်ဒီယိုရေးနာ၊ အင်ဒီကိုးလ်တို့ မပါဝင်ခဲ့ချေ။

ဒတ်ချ်တိုက်စစ်မှူး မူဆမ်ပါသည် ပွဲပြီးခါနီးတွင် ခြေစွမ်းတက်လာပြီး နောက်ထပ်ဂိုးသွင်းရန် အနေအထားသို့ ရောက်ခဲ့သည်။ ၎င်းကန်လိုက်သော ဂိုးမှာ ဝက်စ်ဟမ်းနောက်ခံလူများကြောင့် ဂိုးဘားတန်းပေါ်မှ ကျော်သွားခဲ့သည်။ မန်စီးတီးကစားသမား ရိုက်ဖီးလစ်သည် တိုက်စစ်မှူး ဗက်ဆဲလ်နှင့် ရှေ့တန်းအတွဲကစားရန် ရွေးချယ်ထားသူဖြစ်သည်။ ၎င်းသည် ဂိုးသွင်းခွင့်ဖန်တီးနိုင်ခဲ့သော်လည်း ဂိုးရအောင်မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

မန်စီးတီးတို့ ရှုံးနိမ့်ခဲ့ရသည့် အဓိကအချက် တစ်ချက်မှာ နောက်တန်းလူ စတီဗင်ဂျော်ဒန် ပထမပိုင်း ၂၄ မိနစ်တွင် ဒဏ်ရာရပြီးထွက်လိုက်ရခြင်း ဖြစ်သည်။ ၎င်းအစား ဒါဗစ်ဆွမ်မီးလ် ဝင်ကစားခဲ့သည်။

ပထမပိုင်းပွဲပြီးရန် လေးမိနစ်အလိုတွင် အက်ရှ်တန်နှင့် အီသာရင်တန်တို့ အပေးအယူလုပ်ပြီး ကစားခဲ့ရာ အက်ရှ်တန်ကမန်စီးတီးနောက်တန်းလူ ဒက်စတင်ကိုလိမ်ပြီး ဂိုးရေိယာအပြင်ဘက်မှ အမှတ်မထင် ကန်သွင်းလိုက်ရာ မန်စီးတီးဂိုးသမား ပြင်ဆင်ချိန်မရဘဲ ဂိုးပေးလိုက်ရသည်။

နှစ်သိမ့်ဂိုးသွင်းယူပေး

ဝက်စ်ဟမ်းနောက်တန်း ကစားသမား ခရစ္စတီယန်ဒေးလီ ပွဲပြီးခါနီးတွင် ဒဏ်ရာရရှိမှုကြောင့် ၎င်းအစား စကာလိုနီဝင်ကစားခဲ့သည်။ ပွဲပြီးခါနီးတွင် မန်စီးတီးတို့ ၁၀ယောက်ဖြင့် ကစားနေရပြီး နှစ်ဂိုးသွင်းခံထားရသော်လည်း မူဆမ်ပါက မန်စီးတီးအတွက် နှစ်သိမ့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

သို့ရာတွင် ဝက်စ်ဟမ်းအသင်းသည် အက်ဖ်အေဖလားနောက်ဆုံးလေးသင်း အကြိုဗိုလ်လုပွဲအဆင့်၌ ပါဝင်ကစားခွင့်ရရှိသွားသည်။ ။ **(အင်တာနက်)**

မြင့်မောင်စိုး

မော်လမြိုင်မြို့ ရတနာထွန်းပွဲရုံတန်း၊ ကျောက်စိမ်းလမ်း အမှတ်(၆၇/အေ)နေ ဦးချစ်စိန်-ဒေါ်အေးကြည်(ရွှေဝတီမိသားစု)က မိခင်ကြီး ဒေါ်အေးကြည်၏ အသက်(၆၈)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် မော်လမြိုင်မြို့ သာမညမိုးကုတ်ဝိပဿနာရွှေကြိုဆန်းတန်းကျောင်းသစ်ကျောင်း၌ တည်ဆောက်လျက်ရှိသော အလိုတော်ပြည့်ဓမ္မာရုံအတွက် အလှူတော်ငွေကျပ် ၃၀၂၃၆၀၀ ကို ဘဒ္ဒန္တ သောဘန (တစ်ဘဝသာသနာ) ဆရာတော်ထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲနှင့် ခြေပူးလက်ပူးလူနာများကုသရန် ငွေလှူဒါန်း ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ လူနာများခွဲစိတ်ကုသမှုရှင်းလင်း

တောင်ကြီး မတ် ၁၈

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူးလူနာများအတွက် အလှူငွေပေးအပ်ပွဲနှင့် စေတနာဖြင့် လာရောက်ခွဲစိတ်ကုသပေးသော မန္တလေးမြို့မှ အထူးကုဆရာဝန်ကြီးများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို မတ် ၁၆ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရှမ်းပြည်နယ် ရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့မှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး လက်ပူးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာနုနုရီက ခွဲစိတ်ကုသမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ခွဲစိတ်ကုသမှုအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေနှင့် အတွင်းရေးမှူး ဒေါက်တာ စိုင်းခမ်းလှိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်မိခင် နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဒေါက်တာနုနုရီခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့ကို အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူး လူနာများအတွက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းငွေကျပ် ၁၀သိန်းအပါအဝင် တောင်ကြီးမြို့မှ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ဆေးရုံများမှ အလှူရှင် ၂၅ဦးတို့က လှူဒါန်းငွေစုစုပေါင်းကျပ် ၈၀၆၇၀၀၀ကို လှူဒါန်းကြသည်။ **(အမျိုးသမီးရေးရာ)**

ပဲခူးတိုင်း၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ လုပ်ငန်းညှိနှိုင်း ရှေ့လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်များရှင်းလင်း၊ အဆိုပြုလွှာပေးအပ်

တောင်ငူ မတ် ၁၅

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ တောင်ငူခရိုင် ထန်းတပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မတ်၃ ရက်က ထန်းတပင်မြို့နယ် သီရိရတနာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းလုံက မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့များက ဖွဲ့စည်းပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြက ရှေ့လုပ်ငန်းစဉ်များနှင့် ရည်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းလုံက အမျိုးသမီးရေးရာ အဖွဲ့ဝင် အဆိုပြုလွှာ ၅၀၀ ကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်ထံ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ယာပုံ)** (၃၇၂)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ကြက်ဆူပင်စိုက်ပျိုးထားရှိမှုကို မတ် ၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးရဲဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ရွှေပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရမ်းဗြဲ မတ် ၇

ရမ်းဗြဲမြို့နယ် ကုန်းဘောင်(၁)ပြည်ခိုင်ဖြိုးစံပြကျေးရွာရှိ ရွှေပန်းခင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရွှေပန်းခင်းစာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် တိုင်းမှူးမိသားစုက ငွေကျပ်တစ်သိန်းနှင့်စာအုပ်စာစောင်များ၊ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးကျော်ရင်က စာကြည့်တိုက်ရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့သမ္မတသက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မမဏိဇောတရေ၊ သီရိသုဓမ္မမဏိဇောတရေ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးသန်းနိုင်မိသားစုက ရုပ်မြင်သံကြားပြစက်တစ်လုံးကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မိုင်းယောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အရည်အသွေးမြင့်မားရေး သင်တန်းဖွင့်

မိုင်းယောင်း မတ် ၂၀

မိုင်းဖြတ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိုင်းယောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အရည်အသွေးမြင့်မားရေး သင်တန်းဖွင့်ပွဲကို မတ် ၁၈ ရက်က မိုင်းယောင်းမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချောစုမျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာလှိုင်နှင့်သင်တန်းဆရာမများက အမျိုးသမီးများအား အရည်အသွေးမြင့်မားရေးသင်တန်းများ ပို့ချဆွေးနွေးကြကြောင်းသိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၂၃-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)အောင်မြင်ကြီးပွားလမ်းစဉ်များ (အဲခေါင်ဘုန်း)
(၂)ဒိုင်ယာရီဟောင်းထဲမှ ဘဝစာမျက်နှာများ(ကောင်းသန့်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အိပ်ခြင်းနိုးခြင်းသံသရာ-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ (ပြင်ဦးလွင်မှ မက်မန်း-၂)
၁၂:၄၅ ကျန်းမာရေးရာပြန်ကြားလွှာ

ညနေပိုင်း

၁၆:၂၀ ဟောပြောချက်(ကမ္ဘာ့မိုးလေဝသနေ့)
၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၅ သုတကမ္ဘာ
၁၇:၃၀ ဆွေးနွေးခန်း (တပ်မတော်နေ့စစ်ချီတေးပြိုင်ပွဲ ဆုရသူများနှင့်ဆွေးနွေးခန်း)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝံဦးဘုန်းမြင့်)
၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ကြွေသည့်အရွက်တို့ကြွေလေလည်း၊ ဝေသည့်အရွက်တို့ဝေနေမြဲ)

ကျုံပျော်မြို့မဈေး၌ မီးသတ်ဆေးဘူးအသုံးပြုပုံ သရုပ်ပြ

ကျုံပျော် မတ် ၁၀

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့တို့က ဈေးသူဈေးသားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မီးသတ်ဆေးဘူးအသုံးပြုပုံ သရုပ်ပြရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုကို မတ် ၅ ရက်က မြို့နယ်ဥက္ကဋ္ဌဦးရဲဝင်းနှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် ဈေးကော်မတီဝင်များ ကြီးကြပ်ပေးကြကြောင်းသိရသည်။ **(အောက်ပုံ)**

(မြို့နယ် စည်ပင်)

လက်ပံတန်းမြို့၌ ကတ္တရာထပ်ပိုးလွှာခင်း

လက်ပံတန်း ဖေဖော်ဝါရီ ၂၈

လက်ပံတန်းမြို့ အမှတ်(၃)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျိုက်မရောမြို့ ပတ္တမြားလမ်း ကတ္တရာ လမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက်က အဆိုပါ လမ်း မုခ်ဦးတွင် ကျင်းပ ရာ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိုးလွင်နှင့် အမှုဆောင် အ ရာ ရှိ ဦးသန့်ဇင် တို့က ဖဲ ကြိုး ဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြို့တွင်းလမ်းများ စုပေါင်းမြေနီခင်း

သရက် ဖေဖော်ဝါရီ ၂၈

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့တွင်းလမ်းများ မြေနီခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းထိုက်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ထားဝယ်ပညာရေးကောလိပ်
ဆရာအတတ်ပညာ ဒီပလိုမာလက်မှတ်အပ်နှင်း

ထားဝယ် ဖေဖော်ဝါရီ ၂၈

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ထားဝယ်ကောလိပ်၏ အဋ္ဌမအကြိမ်မြောက် ဆရာအတတ်ပညာဒီပလိုမာ လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၄ ရက်နံနက် ၉နာရီက အဆိုပါကောလိပ် ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်နွဲ့၊ တပ်မတော်အရာရှိများ၊ တိုင်း၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်း များမှ အမှုဆောင်များ၊ ပညာရေးကောလိပ် ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းအုပ် ဆရာမကြီးဒေါ်ခင်ဆွေတင့်က ဆရာအတတ်ပညာဒီပလိုမာ ချီးမြှင့်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ခန့်အပ်လွှာများပေးအပ်

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းအောင်မြင်ပြီးမြောက်သူ သင်တန်းသား ၃၆၀ အား ဆရာအတတ်ပညာဒီပလိုမာလက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပထမနှစ်အောင်မြင်ပြီးမြောက်သူ သင်တန်းသား၊သင်တန်းသူများအား အောင်လက်မှတ်များ ချီးမြှင့်ကာ ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။ **(တိုင်း ပြန်/ဆက်)**

မြို့နယ်သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေး
သရုပ်ပြဇာတ်တိုက်လေ့ကျင့်

အောင်လံ မတ် ၁၀

မကွေးတိုင်း အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များဖြင့် မတ် ၆ ရက်က မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးသရုပ်ပြ ဇာတ်တိုက် လေ့ကျင့်မှု ဆောင်ရွက်ရာသို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆွေနှင့် တာဝန်ရှိသူများ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ကျောက်တန်းမြို့နယ် ကျိုက်မော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး၏နာယကအဖွဲ့ သြဝါဒ စရိယ ဆရာတော်များနှင့် သံဃာတော် အပါး၃၀ တို့အား မတ် ၁၃ရက်က ဦးကျော်သန်းနှင့်နှစ်ဖက်မိဘဆွေမျိုးများအား ရည်စူး၍ မြေးဖြစ်သူ ဒေါ်ရင်မြိုင်နှင့် ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးသစ် ယမင်းရွှေစင်ထရေဒင်းမှ သားသမီး၊ မြေးတစ်စုတို့က အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ရွှေတောင်မြို့ သမိုင်းဝင်ရွှေနတ်တောင်စေတီ
ဆွမ်းဆန်နှင့်လှူဖွယ်ဝတ္ထုလောင်းလှူပွဲကျင်းပ

ရွှေတောင် မတ် ၁၈

ပြည်ခရိုင် ရွှေတောင်မြို့ သမိုင်းဝင်ရွှေနတ်တောင် စေတီတော်၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၁၃ရက် နံနက်က ပထမအကြိမ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပသည်။

အခမ်းအနားတွင် စေတီတော်ရင်ပြင်တော်၌ သံဃာတော် ၃၂၅ပါးတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်း လောင်းလှူကြသည်။ **(အပေါ်ပုံ)**

ကိုးပါးသီလခံယူ

ထို့နောက် စေတီတော်ရင်ပြင် အနောက်ဘက်စောင်းတန်းရှိ မြပိုးထည်မွှောရုံ၌ ရေစက်ချမင်္ဂလာပွဲဆက်လက်ကျင်းပရာ ဗဟိုသံဃာ့ဝန်ဆောင် ရွှေတောင်မြို့ မဟာဝိသုတာရာမဂန္ဓာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကျော် ဘဒ္ဒန္တ အဂ္ဂဝံသထံမှ ကိုးပါးသီလခံယူကြပြီး ရေစက်ချ သာဓုအနုမောဒနာတရား ခံယူဆောက်တည်ကြသည်။

လှူဒါန်း

အဆိုပါ လောင်းလှူပွဲတွင် ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထု ပစ္စည်းမျိုးစုံ စုစုပေါင်း ငွေကျပ် သိန်း၂၀ ကျော် လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြောက် ဥက္က လာ ပ မြို့နယ် ရွှေပေါက်ကံမြို့သစ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၄၅) တွင် ၂၀၀၁ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ ပညာသင်နှစ်အတွင်း သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမဆုရ မသီရိသန်းဇော်အား ကျောင်းအုပ်ဆရာကြီး ဦးဟန်ထွန်းက ဆုချီးမြှင့်စဉ်။

(ပညာရေး)

သန်လျင်မြို့ ပဲခူးစုမြို့ပတ်လမ်းနှင့် ဗညားဒလလမ်းထောင့်အမှတ်(၂၃) နန်းရိပ်အေးဆောင်နေ ဦးစောမြင့်ဦး-ဒေါ်ခင်ဝေဦး၊ သမီးဗိုလ်မှူးဒေါ်ဥမ္မာဦး (ဓာတ်မှန်ပါရဂူ)မိသားစုတို့က အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် တက်ရောက်ကုသနေကြသော လူနာများအသုံးပြုရန် ငွေကျပ် ၁၁၁၁၅၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တပ်မှူးဗိုလ်မှူးချုပ်မြင့်မောင် လက်ခံရယူစဉ်။ (က-ပ)

အသံမစဲမဟာပဋ္ဌာန်းသိမ်းပွဲကျင်းပ
အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းအတွက် ငွေလှူဒါန်း

စဉ့်ကူ မတ် ၆

စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ရှေးဟောင်း စိန္တာမုနိစေတီကြီး စေတီရင်ပြင်တော်၌ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)ကကြီးမှူး၍ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်း၇၂နာရီ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားသိမ်းပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ဦးခင်မောင်ဇော် တန်ဆောင်း၌ကျင်းပရာ စဉ့်ကူမြို့ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေကျောင်းကြီး ဆရာတော် ဘဒ္ဒန္တ ကောသလ္လထံမှ ငါးပါးသီလခံယူပြီး ဆီမီး ၉၉၀၀ အဖွဲ့နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)၊ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှမော်တို့က သံဃာတော် ၂၇ပါးအား လှူဖွယ်ဝတ္ထုနှင့် စာရေးတံမဲ ဆက်ကပ်ပြီး ပန်းတစ်ပွင့် တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရအား အမှူးထားပြီး ဦးစိုးဝင်း(စဉ့်ကူစိုးဝင်း)-ဒေါ်မိမိရီ မိသားစုနှင့် ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ)နော်ဂေးလီ မိသားစု၊ ဦးအောင်မြင့်-ဒေါ်အမာဆွေ မိသားစုတို့က ပဋ္ဌာန်းကျမ်းစာအုပ် သုံးစုံ၊ဘုရားကြီး မာကျူရီမီးငါးလုံးနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် ဆီမီး ၉၉၀၀ အမှုဆောင် များမှ လှူဒါန်းငွေကျပ် ၁၀၉၅၀၀ကို ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)က ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှမော်ထံ ပေးအပ်လှူဒါန်းပြီး မဟာဝိသုတာရုံတိုက်သစ် ပဓာန နာယက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဝိနယပါဠိပါရဂူ မွှာစရိယ ဘဒ္ဒန္တဥတ္တမထံမှ သြဝါဒ နှင့်ရေစက်ချ တရားနာယူကြသည်။ **(ဝ၄၆)**

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး

ဖျာပုံ မတ် ၂၀

ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၉ရက်က ဂျိုဝါကြီးခင်း အမက ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အဖွဲ့ဝင်(၂)ရဲမှူးခင်မောင်အေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်**(အောက်ပုံ)**နှင့် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေတို့က ကြက်ငှက်တုပ်ကွေး ကာကွယ်တားဆီးရေးအကြောင်း အသေးစိတ်ရှင်းလင်းဟောပြောကြသည်။ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဂျိုဝါကြီးခင်း၊ ဂျိုဝါထလွန်၊ ဂျိုဝါကျောက်ရဲကျေးရွာအုပ်စုများမှ မွေးမြူရေး လုပ်ငန်းရှင် ၂၀၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **(၁၅၈)**

ရှင်းလင်းတင်ပြ

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၁၅၀၀၀ ပျိုးထောင် ရှင်သန်ကြီးထွားမှုကို ဖေဖော်ဝါရီ ၂၈ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အလိုင်နီတမံနှင့်လဂွမ်းပြင်ရေလှောင်တမံကြည့်ရှုစစ်ဆေး တမံပြီးစီးသည်နှင့်ရေပေးမြောင်းများပြီးစီးအောင်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မတ် ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ အလိုင်နီရေလှောင်တမံနှင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးမြို့နယ်အစပ်ရှိ လဂွမ်းပြင်ရေလှောင်တမံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လဂွမ်းပြင်ရေလှောင်တမံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းလွင်ကုန်းရှိ လဂွမ်းပြင်ရေလှောင်တမံ လက်ဝဲမြောင်း လက်တံ(၁)ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့သာယာမည်။

ထူးခြားသည့်နေ့ အပူချိန်

၂၁–၃–၂၀၀၆

မင်းဘူး ၄၁ ဒီဂရီ စင်တီဂရိတ်

မြန်မာ့ကျောက်မျက်ဝယ်ယူရသည်မှာစိတ်ချမ်းသာကျေနပ်မှုရှိ မြန်မာ့ကျောက်စိမ်းများအရည်အသွေးကောင်းမွန်၊ ဈေးနှုန်းလည်းသင့် နိုင်ငံတကာမှကုန်သည်များ မြန်မာ့ကျောက်မျက်များပိုမိုစိတ်ဝင်စားလာ

တွေ့ဆုံမေးမြန်းရေးသားသူ–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်းတင်–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၁

နိုင်ငံတကာမှ စိတ်ဝင်စားလျက်ရှိသည့်မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ရောင်းချပွဲကို မတ် ၁၅ရက်မှစတင်ကာ ခင်းကျင်းပြသရောင်းချလျက်ရှိသည်။ အရည်အသွေးကောင်းမွန်သော၊ အဆင့်အတန်းမြင့်မားသော၊ ဈေးနှုန်းသင့်တင့်မျှတသော ကမ္ဘာ့အဆင့်မီမြန်မာ့ကျောက်မျက်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျောက်မျက်ရတနာကုန်သည်များစိတ်ဝင်တစားကြည့်ရှုစေ့ငုကာဝယ်ယူလျက်ရှိကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

နိုင်ငံတကာမှ ကျောက်မျက်ရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်များကို ဤသို့ စိတ်ဝင်တစားကြည့်ရှုခဲ့ကြသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံတွင် ကျောက်မျက်များ ဝယ်ယူရသည်မှာ စိတ်ချမ်းသာမှု ရှိပါကြောင်း မြန်မာ့အလင်းသို့ ပြောကြားသူ တရုတ်နိုင်ငံမှရတနာကုန်သည် သီရိဆာဝမ်။

(မြန်မာ့အလင်း)

ဟောင်ကောင်မှ ကျောက်မျက်ရတနာကုန်သည် တစ်ဦးဖြစ်သည့် ယက်မန်စမ်းကလည်း မြန်မာကျောက်မျက်များဝယ်ယူရမှုနှင့်ပတ်သက်ပြီး ဤသို့ပြောကြားသည်။

(မြန်မာ့အလင်း)

22-3 (20).p65 1 1/4/32, 11:45 AM